ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့၊ (26-5-2005)(၄၆၀၇)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၂၅

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်ရေးဆွဲဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို ညှိနှိုင်းဆွေးနွေး အကြံပြုကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သစ်တော)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၅

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်ဖြစ်သော ဦးမျိုးသန့်(မောင်ဆုရှင်)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ်၊ ဦးလော်ဆင်ကွမ်း၊ ဦးကျော်ဒင်(ခ) ဦးထေးရယ်၊ ဦးကြည်တင့်၊ ဦးဘိုသိန်း၊ ဒေါက်တာသိန်းညွှန့် (ညွှန့်ဝေ–ကသာ)နှင့် ဒေါက်တာမြတ်မြတ်အုန်းခင်တို့ တက်ရောက်ကြ၍ လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်နှင့် ဦးဆန်းထွန်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၆–၅–၂၀၀၅
(ကြာသပတေးနေ့)

နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုဖြစ်ထွန်း နယ်စပ်ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်မြှင့်ကြိုးပမ်း

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဖြစ်သည်။ နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း စည်းလုံးညီညွတ်ပြီး အမျိုးသားရေးခံယူချက်များ တူညီစွာ ဖြစ်ထွန်းနေရန်လိုအပ်သည်။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ထာဝစဉ်အလေးထားသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပိုမိုခိုင်မာဖြစ်ထွန်းစေရန် အထူးကြိုးပမ်း အားထုတ်ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိစေရန် ကြိုးပမ်းခဲ့ပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်းစေရန် တည်ဆောက်ရင်း ငြိမ်းချမ်းရေးရရှိစေရန် ဖော်ဆောင်ခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများတွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးနေသည်။

နိုင်ငံတော်က တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးကိုရှေးရှုပြီး ဒေသတစ်ခုချင်းမှသည် ပြည်ထောင်စု တစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးလျက်ရှိရာ နယ်မြေဒေသ အစိတ်အပိုင်းများအလိုက် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များ ရရှိဖြစ်ထွန်းနေသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

အထူးသဖြင့် လမ်းပန်းဆက်သွယ်မှု အားနည်းနေခဲ့သည့် ရှမ်းပြည်နယ်အတွင်းတွင် နိုင်ငံတော်အစိုးရက အကွက်ချ တည်ဆောက်ပေးနေသည့် လမ်း၊ တံတားစီမံကိန်းများ အောင်မြင်ပြီးစီးတိုင်း ရှမ်းပြည်နယ်၏ ကူးသန်းသွားလာမှု၊ စီးပွားကုန်သွယ်မှုများ သိသာစွာ တိုးတက်ဖြစ်ထွန်းလာလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ယခင်ကာလက ခက်ခဲစွာ သွားလာနေခဲ့ရသည့် မန္တလေး–လားရှိုး–မူဆယ် လမ်းမကြီးမှာ ယခုအခါ တိုးတက်ကောင်းမွန်လာသည်နှင့်အညီ မန္တလေးမှမူဆယ်သို့ နေ့ချင်းခရီးပေါက် သွားလာနိုင်ကြပြီဖြစ်သည်။

ထို့အပြင် ရှမ်းပြည်နယ်အတွင်း၌ သံလွင်မြစ်ကူးတံတားကြီးများဖြစ်သည့် တာကော်အက်တံတား၊ တာဆန်းတံတားနှင့် မကြာမီက ဖွင့်လှစ်ခဲ့သည့် တာပါးတံတားတို့ကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့်အတွက် သံလွင်မြစ်ကြီး ခြားနေ၍ ဖွံ့ဖြိုးမှု နောက်ကျနေခဲ့ရသည့် သံလွင်အရှေ့ခြမ်းနှင့် သံလွင်အနောက်ခြမ်းဒေသများသည် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ယခုအခါ ရှမ်းပြည်နယ်အတွင်း ဖွံ့ဖြိုးရေးအထူးဒေသကြီးလေးခု သတ်မှတ်ပြီး အဆိုပါဒေသကြီးများ၌ စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများ၊ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများကို တည်ဆောက်ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် လူမှုစီးပွားရေး အခြေခံကောင်းများကိုပါ စနစ်တကျ ထူထောင်ပေးနိုင်ခဲ့သည့်အတွက် ရှမ်းပြည်နယ်သည် အခြားသော ပြည်နယ်၊ တိုင်းများနှင့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများပါ အချိန်တိုအတွင်း အပြန်အလှန် ဆက်စပ်ဖြစ်ထွန်းလာနေပြီဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူတို့က နယ်မြေဒေသ တည်ငြိမ်အေးချမ်းသာယာ ဖြစ်ထွန်းမှုများနှင့်အတူ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်၍ တက်ညီလက်ညီ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် အလုံမြို့နယ်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာနှင့် ဌာနကြီးမှူးများ၊ ပြည်နယ်၊ တိုင်းမန်နေဂျာများ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားနှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်၊ တိုင်း မန်နေဂျာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းလျာထားချက်တို့ကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ ဌာနအကြီးအကဲများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E.Mr. Xu Rongkai ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ပို့ဆောင်နှုတ်ဆက်စဉ်။
(မြို့တော်စည်ပင်)

ဝေနေယျသုခ ရေချမ်းစင်အသင်း အလှူတော်ငွေများလှူဒါန်း

ရန်ကုန် မေ ၂၅

ရွှေတိဂုံစေတီတော်မြတ်ကြီး ထာဝရဘက်စုံပြုပြင်မှု လုပ်ငန်းများအတွက် ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်းက နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်စဉ်လှူနေကျ အလှူတော်ငွေ ကျပ်ငါးသိန်းကို လှူဒါန်းပြီးဖြစ်ရာ ယနေ့အထိ ငွေကျပ်စုစုပေါင်း ကျပ် ၅၃သိန်း လှူဒါန်းပြီးဖြစ်သည်။ (သတင်းစဉ်)

ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့သို့ မေ ၂၂ရက်က ရောက်ရှိခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Xu Rongkai ခေါင်းဆောင်သည့် အဖွဲ့ဝင် ၂၂ဦးပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၆နာရီခွဲတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဦးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးနှင့်ကော်မတီဝင်များ၊ သက်ဆိုင်ရာ ဌာနမှူးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. LiJinjun နှင့် သံရုံးမိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

သွားနှင့်ခံတွင်းဝေဒနာရှင်များအား ကုသပညာပေး

ရန်ကုန် မေ ၂၅

မေ ၇ ရက်နှင့် ၈ ရက်က မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ရန်ကုန်အသင်းခွဲ)နှင့် ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပူးပေါင်းစီစဉ်မှုဖြင့် ကွမ်းခြံကုန်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် လက်ခုပ်ကုန်းကျေးရွာ တိုက်နက်ဆေးရုံတို့၌ ကျေးရွာလူထု သွားနှင့်ခံတွင်းဝေဒနာရှင် စုစုပေါင်း ၅၀၀ ကျော်ခန့်ကို ကွင်းဆင်းကုသပေးခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ ခရီးစဉ်တွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခဦးသိန်းထွန်း အပါအဝင် အသင်းသူ၊ အသင်းသား သွားနှင့်ခံတွင်း ဆရာဝန်များ၊ အလုပ်သင် ဆရာဝန်များ စုစုပေါင်းအဖွဲ့ဝင် ၃၂ ဦးခန့်လိုက်ပါခဲ့ကြပြီး ကျေးရွာပြည်သူများအား သွားတိုက်ဆေး၊ သွားပွတ်တံများ အခမဲ့ ပေးဝေခဲ့ကြကြောင်း သိရသည်။ (က–ပ)

ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်မောင်ဦးအား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး တွေ့ဆုံ

ရန်ကုန် မေ ၂၅

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Xu Rongkai ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့်အတူ မေ ၂၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တိုးမြှင့်ဆောင်ရွက်

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့်ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး နှစ်နိုင်ငံ လုံခြုံရေးကိစ္စများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Xu Rongkai ခေါင်းသောကိုယ်စားလှယ်အဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။
(ပြည်ထဲရေး)



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော ကိုယ်စားလှယ် အဖွဲ့နှင့် အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဇက်၊ဆတ်(ဒ်)၊ အယ်လ်ဆရစ် ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြန်မာ–အီဂျစ်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် မေ ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဇက်၊ဆတ်(ဒ်)၊ အယ်လ်ဆရစ် ဦးဆောင်သော အီဂျစ် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဇက်၊ဆတ်(ဒ်)၊အယ်လ်ဆရစ် ဦးဆောင်သော အီဂျစ်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဉာဏ်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး မစ္စတာ မိုဟာမက်၊မိုဟာမက် မီနေစီး၊နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ အီဂျစ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တွေ့ဆုံဆွေးနွေး

ခရီးစဉ်အတွင်း အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်တို့အား ဂါရဝပြုတွေ့ဆုံခဲ့သည်။ ထို့ပြင် အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအီဇက်၊ဆတ်(ဒ်)၊အယ်လ်ဆရစ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၂၆

ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် ဦးညွှန့်မောင်ရှိန်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ခုနှစ် မေ ၉ရက်တွင် ဂျီနီဗာမြို့၌ ကုလသမဂ္ဂရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဆာဂေး၊ အော်ဇွန်နီကစ်ဇေးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

✧ ရှေ့ဖုံးမှ

လုပ်ငန်းကော်မတီရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ညီနှိုင်းအစည်းအဝေးတွင် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ မတ် ၃၁ရက်အထိ ကျင်းပခဲ့သည့် အမျိုးသား ညီလာခံ၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရေးအတွက် စာတမ်းများရေးသားပြုစုခြင်းကို ဆက်လက်ဆွေးနွေး ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ မြေစိုက်ပိုစတာစိုက်ထူပွဲ စစ်တွေမြို့၌ကျင်းပ

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို မေ ၂၂ ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့ဝင်များ၊ စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၁၀၀ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် မင်္ဂလာအချိန်တွင် ရခိုင်ရိုးရာမင်္ဂလာစည်တော်ရွမ်း၍ ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်းက မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)

ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ငွေကျပ် ၃၁သိန်း လှူဒါန်း

ရန်ကုန် မေ ၂၅

ကွယ်လွန်သူ ဖခင်ကြီး ဦးဝမ်စိန်အားရည်စူး၍ တစ်လပြည့်အလှူဒါနအဖြစ် ဇနီး ဒေါ်ကျင်ဌေးနှင့် သားသမီးများဖြစ်ကြသော ဒေါ်ကြည်ကြည်ဝင်း–ဦးမျိုးသန့်၊ ဒေါက်တာမျိုးဝင်း–ဒေါက်တာစန်းစန်းသီ၊ ဒေါ်သန်းသန်းဝင်း၊ ဒေါက်တာစိုးဝင်း–ဒေါက်တာမြင့်မြင့်ကြူ မိသားစုတို့က ယနေ့မွန်းလွဲ ၂နာရီတွင် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ခေတ်မီမျက်စိခွဲစိတ်ကိရိယာဝယ်ယူရန်အတွက် ငွေကျပ် ၃၁သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က လက်ခံယူသည်။ **(အောက်ပုံ)**

အဆိုပါ အလှူရှင်များကပင် ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံသို့ငွေကျပ် ၁၁သိန်း၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ ငွေကျပ်ငါးသိန်း၊ ရွှေဂုံတိုင် မိဘမဲ့ကလေးများဂေဟာသို့ ငွေကျပ်ငါးသိန်း၊ မဟာစည်သာသနာ့ရိပ်သာသို့ ငွေကျပ်တစ်သိန်းလှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ သီလဝိသောဓနီသိမ်တော်ကြီး အသစ်တည်ဆောက်ရန်အတွက် မြတ်မောင်ရတနာရွှေဆိုင်၊ နိုင်ဝင်းစတိုးမှ ဦးမြမောင်–ဒေါ်ခင်လှ မိသားစုက အလှူငွေကျပ် ငါးသိန်းကို မေ ၂၃ ရက်တွင် လှူဒါန်းရာ တည်ဆောက်ရေးအဖွဲ့နာယက ဦးရေချမ်းလက်ခံစဉ်။ (က–ပ)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁–၅–၂၀၀၅)

World No-Tobacco Day
(31-5-2005)

ဆေးလိပ်ဆေးရွက်ကြီးဆန့်ကျင်ရေး၊
ကျန်းမာရေးပညာရှင်များ
ဦးဆောင်ပေး

Health Professionals against Tobacco

ကျန်းမာရေးဝန်ကြီးဌာန

အီရတ်နိုင်ငံ အယ်လ်မာဒီအယ်လ် မွန်တာ ဒါဟူစန်နီယာအရပ်တွင် ကားဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်ခံရမှု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးသံတမန်ဝေဖန်

ကဘူး မေ ၂၄

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့၏ ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံရသူများ ညှဉ်းပန်းနှိပ်စက်ခံရမှုများ ရှိသည်ဆိုသော သတင်းဖော်ပြချက်တစ်ရပ်နှင့် ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အာဖဂနစ္စတန်ဆိုင်ရာ အထူးသံတမန် ဂျင်းအာနောက တနင်္ဂနွေနေ့တွင် အပြင်းအထန် ဝေဖန်လိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၂ ခုနှစ်က အမေရိကန်တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့် အာဖဂန်လူမျိုး အကျဉ်းသားနှစ်ဦး သေဆုံးခဲ့ရမှု အပါအဝင် လူမဆန်စွာ မတရားပြုမှု ဆက်ဆံမှု ဖြစ်ရပ်များနှင့် ပတ်သက်၍ နယူးယောက်တိုင်းမ် သတင်းစာက ဖော်ပြထားကြောင်း၊ ယင်းဖြစ်ရပ်များကို မိမိတို့ လက်ခံနိုင်မည်မဟုတ်ကြောင်း အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂ အကူအညီပေးရေးမစ်ရှင်အဖွဲ့က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ပေါ်ပေါက်

အာဖဂန်အကျဉ်းသားနှစ်ဦး ဖြစ်ကြသော ဒီလာဝါနှင့် ဟာဘီဘူလာတို့သည် ညှဉ်းပန်းနှိပ်စက် ခံရမှုကြောင့် သေဆုံးခဲ့ရကြောင်း၊ အဆိုပါ ဖြစ်ရပ်သည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလတွင် မြို့တော်ကဘူးမြောက်ဘက် ကီလိုမီတာ ၅၀ အကွာ ဘာဂရမ်လေတပ်စခန်းရှိ အမေရိကန် ထိန်းသိမ်းရေးစခန်းတွင် ပေါ်ပေါက်ခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

လက်ခံနိုင်မည်မဟုတ်

ယင်းသို့သော ဖြစ်ရပ်မျိုးကို မိမိတို့ကရော၊ ကမ္ဘာ့နိုင်ငံများကပါ လက်ခံနိုင်မည် မဟုတ်ကြောင်း ကုလသမဂ္ဂ သံတမန်က ပြောကြားသည်။

လွန်ခဲ့သည့် သုံးနှစ်ခွဲကြာကာလအတွင်း အမေရိကန်နိုင်ငံသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲ ဆင်နွှဲစဉ် ၎င်း၏ ဂွာတာနာမိုစခန်းတွင် အာဖဂန်လူမျိုးအကျဉ်းသား ၅၀၀ ကျော်နှင့် အမေရိကန်နိုင်ငံတွင်းရှိ ထိန်းသိမ်းရေးစခန်းများ၌ အကျဉ်းသား ၂၂ ဦး ကို ထိန်းသိမ်းထားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်အကျဉ်းစခန်းများကို အာဖဂန်နစ္စတန်နိုင်ငံရှိ လူ့အခွင့်အရေးကော်မရှင်က ဝင်ရောက်စစ်ဆေးခွင့်ပေးရန် ကုလသမဂ္ဂအထူးသံတမန်၏ ကြေညာချက်တွင် တောင်းဆိုထားသည်။

ထိန်းသိမ်း

အကျဉ်းသားများသည် ဥပဒေ၏ အကာအကွယ်ပေးမှုကို ရရှိသင့်ကြောင်း၊ အကျဉ်းသားများ၏ အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဟူသော ရည်မှန်းချက်အတွက် အားလုံးက ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယူးယောက်ကိုနီကျွန်းတွင် လေယာဉ်ပျက်ကျမှုကြောင့် လူလေးဦးသေဆုံး

နယူးယောက် မေ ၂၄

အင်ဂျင်တစ်လုံးတပ် လေယာဉ်တစ်စင်းသည် နယူးယောက်မြို့ ကိုနီကျွန်းကမ်းခြေပေါ်သို့ စနေနေ့က ပျက်ကျခဲ့သည်။ ထိုလေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသူ လေးဦးစလုံး သေဆုံးခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားခဲ့သည်။ အဆိုပါလေယာဉ်သည် ပျက်ကျခြင်းမရှိမီ အင်ဂျင်စက်သံသည် အနည်းဆုံး တစ်ကြိမ်ခန့် ရပ်တန့်သွားခဲ့သည်ကို ကြားခဲ့ကြောင်းဟု မျက်မြင်တွေ့ရှိသူများက ပြောကြားခဲ့သည်။

ထိုလေယာဉ်သည် မြေပြင်သို့ ပျက်မကျမီ လေယာဉ်ကို တစ်ကြိမ်မှ နှစ်ကြိမ်ထိ ဦးမော့ကာ ပြန်တက်ရန် လေယာဉ်မှူးက ကြိုးစားခဲ့သည်ကို မြင်တွေ့ရသူအချို့က ပြောကြားကြသည်။

ပထမဆုံးအကြိမ်

အဆိုပါ လေယာဉ်ပျက်ကျမှုသည် ဆယ်စုနှစ်တစ်ခုအတွင်း ထိုမြို့တွင် ပထမဆုံးအကြိမ်ဖြစ်ပြီး လေယာဉ်ပျက်ရခြင်း အကြောင်းရင်းကို ချက်ချင်း မသိရှိရသေးဟုဆိုသည်။

ထိုလေယာဉ်သည် ပြည်တွင်းလုပ် လေယာဉ်ဟု ယူဆရပြီး အဆိုပါ လေယာဉ် ပျက်ကျမှုကို တစ်ပတ်အတွင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်ရန်အတွက် အမျိုးသားသယ်ယူပို့ဆောင်ရေး လုံခြုံရေးအဖွဲ့ (အင်န်တီအက်စ်ဘီ)က အထူးအလေးထား ဆောင်ရွက်ခဲ့သည်။

မောင်းနှင်ပြသ

လေယာဉ်ပေါ်တွင် လိုက်ပါလာသူအားလုံးသည် လေယာဉ်ပျံသန်းမှုကို သင်ယူရန်အတွက် နည်းပြတစ်ဦးက လက်တွေ့ မောင်းနှင်ပြသသည်ကို လေ့လာနေကြခဲ့ခြင်း ဖြစ်သည်ဟု လေကြောင်း လုံခြုံရေးစုံစမ်းရေး တာဝန်ရှိသူတစ်ဦးဖြစ်သော လူကဲ့ချီအာဒါက ပြောကြားခဲ့သည်။

ရက်သတ္တပတ်ကြာ

အဆိုပါလေယာဉ် ခေါင်းစိုက် ထိုးဆင်းလာသည်ကို ၎င်းတို့မြင်တွေ့ခဲ့ပြီးနောက် ကမ်းခြေရှိ ပြည်သူများသည် လူစု ကွဲသွားကြသည်။ ထိုသူများသည် ရက်သတ္တပတ်ကြာ ပြုလုပ်သော ဒုတိယကမ္ဘာစစ်အတွင်း သေဆုံးသူများအတွက် ရိုးရာဆုတောင်းပွဲ ပြုလုပ်ရန် ထိုကမ်းခြေသို့ လာရောက်ကြခြင်းဖြစ်သည်။

ထိုလေယာဉ် ပျက်ကျမှုကြောင့် သေဆုံးခဲ့သူ လေးဦးနှင့် ၎င်းတို့၏ မိသားစုဝင်များကို ကရုဏာသက်မိကြောင်း နယူးယောက် မြို့တော်ဝန် မိုက်ချယ် ဘလွမ်ဘာ့ဂ်က သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံတော်အလံကို မလေးမစားပြုသည့်အတွက် ဗြိတိန် အားကစားသမားနှင့်ဇနီး တရားစွဲဆိုခံရ

မနီလာ မေ ၂၄

ဗြိတိန်နိုင်ငံသား ဂေါက်သီး အားကစားသမားတစ်ဦးနှင့် ၎င်း၏ဇနီး ဖိလစ်ပိုင်သူတို့ကို ဖိလစ်ပိုင်နိုင်ငံ အလံနှင့် နိုင်ငံတော်သီချင်း တီးမှုတ်စဉ် အရိုအသေမပြုမှုကြောင့် ဖိလစ်ပိုင်နိုင်ငံဒေသတွင်း ဂေါက်အသင်းတစ်ခုက တရားစွဲဆိုခဲ့သည်ဟု ဖိလစ်ပိုင် ဒေးလီးအင်ကွိုင်ရာ သတင်းစာက တနင်္ဂနွေနေ့ ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြထားသည်။

တရားစွဲဆို

အဆိုပါ တရားစွဲဆို ခံရသူများမှာ ရိုနယ်ဒ်နှင့်အာမီလီယာဂျူ့ဒ်တို့ဖြစ်ပြီး နိုင်ငံတော်အလံကို အရိုအသေ မပြုမှုနှင့် ၎င်းတို့ကို မေ ၁၉ ရက်က မြို့နယ်တရားရုံးတွင် ဂေါက်အသင်းက တရားစွဲဆိုခဲ့သည်။ အဆိုပါ အသင်းသည် မနီလာမြို့မြောက်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ပမ်ပန်ဂါပြည်နယ် ကလပ်စ် အထူးစီးပွားရေးဇုန်တွင် တည်ရှိပြီး အမည်မှာ မိမိုဆာဂေါက်အသင်းဖြစ်သည်။

ကိုးကား

မေ ၂၅ ရက်တွင် မိမိုဆာ၌ ဂေါက်တံခွန်စိုက်ပြိုင်ပွဲကိုမကျင်းပမီ နိုင်ငံတော်အလံကို အရိုအသေပြုချိန်တွင် တရားခံနှစ်ဦးသည် စားသောက်ဖွယ်ရာများ စားလျက် ထိုင်နေကြသည်ဟု တရားလိုများ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာက ရေးသားဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအလံကို လွှင့်ထူစဉ် အဆိုပါ စုံတွဲအား အရိုအသေပြုရန် ဂေါက်အဖွဲ့ဝင်တစ်ဦးက အသိပေးခဲ့သော်လည်း ၎င်းတို့ကငြင်းပယ်ခဲ့သည်ဟု သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗင်နီဇွဲလားနိုင်ငံ၌ လက်နက်ကိုင်များက ရဟတ်ယာဉ်အား ဓားပြတိုက်

ကရာကတ်စ် မေ ၂၄

ဗင်နီဇွဲလားနိုင်ငံ ဘိုလီဗာပြည်နယ်တွင် လက်နက်ကိုင်အုပ်စုတစ်စုက ရဟတ်ယာဉ်တစ်စင်းအား စနေနေ့ကဓားပြတိုက်ပြီး မည်သည့်နေရာမှန်းမသိသော နေရာသို့ ရဟတ်ယာဉ်ဖြင့် ပျံသန်းသွားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ခေါင်းစွပ်များ စွပ်ထားသည့် လက်နက်ကိုင် ၁၀ဦးသည် လေယာဉ်ထားရှိသည့်ရုံအတွင်း ဝင်ရောက်ပြီး လုံခြုံရေးအစောင့်သုံးဦးအား လက်နက်ချခိုင်းကာ ရဟတ်ယာဉ်အား မောင်းနှင်ပြေးကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

လုယူ

အဆိုပါဓားပြများက ခြောက်လုံးပြူးသေနတ် သုံးလက်၊ သေနတ်တိုနှစ်လက်နှင့် ဆက်သွယ်ရေး ရေဒီယိုများကို အစောင့်များထံမှ လုယူသွားပြီး မကြာမီ အဆိုပါအခင်းဖြစ်ပွားရာ လေဆိပ်သို့ ရဲတပ်ဖွဲ့ဝင်များ အပူတပြင်း ရောက်ရှိလာသည်။ သို့ရာတွင် ဖမ်းမိခြင်းမရှိပေ။

၂၀၀၃ခုနှစ်ကလည်း ဗင်နီဇွဲလားအစိုးရပိုင် ရဟတ်ယာဉ်တစ်စင်း အခိုးခံရသေးသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်-စပိန်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက် စပိန်ကမ္ဘာလှည့်ခရီးသည်များကိုအီရန်ဆွဲဆောင်မည်

တီဟီရန် မေ ၂၄

အီရန်နှင့် စပိန် နိုင်ငံတို့သည် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှု တစ်ရပ်ကို လက်မှတ် ရေးထိုးကြကြောင်း နိုင်ငံပိုင် အိုင်အာရ်အင်အေ သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ယင်းသဘောတူညီမှုအရ စပိန်လူမျိုးအများအပြားက ၎င်းတို့၏ခရီးသွားဦးတည်ရာ ပန်းတိုင်အဖြစ် အီရန်ကို ရွေးချယ်လာကြစေရန် နှစ်နိုင်ငံစလုံးက အစီအစဉ်တစ်ရပ် ရေးဆွဲမည်ဖြစ်သည်။

ဖိတ်ကြားပြသ

တစ်နိုင်ငံနှင့် တစ်နိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းဇယားနှင့် သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ အီရန်ရှိ ခရီးသွားအပန်းဖြေစခန်းများသို့ စပိန်နိုင်ငံမှ မီဒီယာအဖွဲ့အား ဖိတ်ကြားပြသခြင်း၊ ခရီးသွားလုပ်ငန်းအေဂျင်စီများနှင့် ဟိုတယ်များစာရင်းကို ပေးပို့ဖလှယ်ခြင်း စသည်တို့မှာ အစီအစဉ်၏ အဓိကအချက်များ ဖြစ်ကြသည်။

အီရန်ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးအဖွဲ့ ဒုတိယတာဝန်ခံ အလီဟာရှိမီနှင့် စပိန်ခရီးသွားလုပ်ငန်းဌာန အတွင်းရေးမှူးချုပ် ရေမွန်မာတီနက်ဇ်ဖာရီတို့က စနေနေ့တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၀၀၆ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၏ အမှုဆောင်အဖွဲ့တွင် အီရန် ပါဝင်လာရေးအတွက် စပိန်၏ပံ့ပိုးမှုကို ကျေးဇူးတင်ရှိကြောင်း ဟာရှိမီက ပြောကြားသည်။

စပိန်နိုင်ငံသည် ခရီးသွားလုပ်ငန်း အတွေ့အကြုံရှိပြီး အီရန်၏ ခရီးသွားလုပ်ငန်း တိုးတက်လာစေရန် ကူညီပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ အီရတ်တစ်ဦး ဘဂ္ဂဒက်မြို့ ဆေးရုံတစ်ရုံတွင် ဆေးဝါးကုသမှု ခံယူနေသည်ကို မေ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံအနောက်ပိုင်းဒေသများ ဖွံ့ဖြိုးရေးဆောင်ရွက် စီမံကိန်း ၆၀ အတွက် ယွမ် ဘီလီယံ ၈၅၀ ရင်းနှီးမြှုပ်နှံ

ပေကျင်း မေ ၂၄

တရုတ်နိုင်ငံသည် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း နိုင်ငံအနောက်ပိုင်းဒေသများရှိ အဓိကဆောက်လုပ်ရေး စီမံကိန်း ၆၀ အတွက် ယွမ် ဘီလီယံ ၈၅၀ (အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၈ ဘီလီယံ) ရင်းနှီးမြှုပ်နှံခဲ့ကြောင်း နိုင်ငံတော် လူမျိုးစုရေးရာကော်မရှင်က သောကြာနေ့တွင် ပြောကြားသည်။

အနောက်ပိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်မှုကို စတင်ဆောင်ရွက်ချိန်မှစပြီး ဗဟိုအစိုးရသည် ယင်းဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ပေးခဲ့ကြောင်း၊ အထူးသဖြင့် လူမျိုးစုဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဖြစ်ကြောင်း ကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လူနည်းစုဖြစ်သော လူမျိုးစုဒေသများတွင် ပုံသေပိုင်ဆိုင် ပစ္စည်းများ ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၀၀ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ယွမ် ၂ ဒသမ ၃၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၈၈ ဘီလီယံ) ရှိခဲ့ပြီး၊ နှစ်စဉ်တိုးတက်မှုနှုန်းမှာ ၂၁ ဒသမ ၇ ရာခိုင်နှုန်းရှိသည်ဟု ဌာနဆိုင်ရာ စာရင်းများအရ သိရသည်။

အနောက်ပိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်ဟိုင်း-တိဘက် မီးရထားလမ်း ဖောက်လုပ်ရေး၊ အနောက်ပိုင်းဒေသများမှ အရှေ့ပိုင်းဒေသများသို့ ပို့လွှတ်မည့်ဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား စီမံကိန်းများ တည်ဆောက်ရေး၊ ရေအားလျှပ်စစ် စက်ရုံများ တည်ဆောက်ရေးနှင့် ပင်မလမ်းမကြီးများ ဖောက်လုပ်ရေး အပါအဝင် အဓိကစီမံကိန်း အများအပြားကို လောလောဆယ် ဆောင်ရွက်လျက်ရှိသည်။

တိုးချဲ့

မကြာသေးမီ နှစ်များအတွင်းက လူမျိုးစုဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် နိုင်ငံတကာ စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ထားကြောင်း၊ နိုင်ငံခြား ကုန်သွယ်မှုပမာဏမှာ လွန်ခဲ့သည့်နှစ်က အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၉ ဘီလီယံရှိခဲ့ကြောင်း၊ ယင်းမှာ ၁၉၉၉ ခုနှစ်ရှိ ပမာဏ၏ ၁ ဒသမ ၇၅ ဆ ရှိကြောင်း ကော်မရှင်က ပြောကြားသည်။

ပံ့ပိုးပေး

အနောက်ပိုင်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာသည် ချည်မျှင်ဝါ ထုတ်လုပ်ရေးလုပ်ငန်း၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းနှင့် သိုးမွေးထုတ်လုပ်ရေးလုပ်ငန်းတို့ကဲ့သို့သော အရေးပါလှသည့် ပြည်တွင်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆူမားတြားကျွန်းတွင် မြေငလျင်လှုပ်

ဟောင်ကောင် မေ ၂၄

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း မြောက်ဘက်တွင် တနင်္ဂနွေနေ့ နံနက် ၇း၀၇ နာရီက အင်အားရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှားသွားခဲ့သည်။ ထိုမြေငလျင်ကြောင့် ကမ်းခြေဒေသရှိရေများ မြင့်တက်လာခဲ့သည်ဟု ဟောင်ကောင်မှ သတင်းတစ်ရပ်အရ သိရှိရသည်။

အဆိုပါငလျင်သည် ဘန်ဒါအာချေးပြည်နယ် အနောက်မြောက်ဘက် ကီလိုမီတာ ၄၀ခန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉ နှင့် မြောက်လတ္တီတွဒ် ၅ဒသမ၅ ဒီဂရီနေရာကို ဗဟိုပြု၍ လှုပ်ရှားသွားခဲ့သည်ဟု သိရသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ဩစတြေးလျတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ ယခုနှစ်အတွင်း ရုပ်သိမ်းမည်

ကင်ဘာရာ မေ ၂၄

မမျှော်လင့်ထားသည့် ကိစ္စရပ်များပေါ်ပေါက်လာခြင်းမရှိပါက ဩစတြေးလျတပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ တစ်နှစ်အတွင်း ရုပ်သိမ်းမည်ဖြစ်ကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီး ရောဘတ်ဟီးလ်က ပြောကြားသည်။

ဩစတြေးလျတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် အချိန်ဇယားမှာ ဂျပန်အစိုးရ၏ ဆုံးဖြတ်ချက်များနှင့် အီရတ်တပ်ဖွဲ့များအနေဖြင့် ၎င်းတို့ကိုယ်တိုင် လုံခြုံရေးတာဝန်ယူနိုင်မည့် စွမ်းရည်ပေါ်တွင် မူတည်နိုင်ကြောင်း ရောဘတ်ဟီးလ်က ဝိကင်းဩစတြေးလျသတင်းစာအား ပြောကြားသည်။

ဩစတြေးလျနိုင်ငံက ယင်း၏ တပ်ဖွဲ့ဝင် ၂၀၀၀ ကို အီရတ်ရှိ အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များထံသို့ စေလွှတ်ထားခဲ့သည်။

ယခုအခါ ဩစတြေးလျတပ်ဖွဲ့ဝင် ၁၄၀၀ ကို အရှေ့အလယ်ပိုင်းဒေသတွင် ဆက်လက်ထားရှိပြီး အထူးတပ်ဖွဲ့ဝင် ၄၅၀ ကို ဂျပန်ကြည်းတပ်မှ အင်ဂျင်နီယာများ၏ လုံခြုံရေးအတွက်နှင့် ဒေသခံတပ်ဖွဲ့များ သင်တန်းပေးရေးအတွက် အီရတ်နိုင်ငံ တောင်ပိုင်း အယ်လ်မူသာနယ် ပြည်နယ်တွင် ဖြန့်ကြက်ထားသည်။

မူသာနယ်ပြည်နယ်သည် အီရတ်တပ်ဖွဲ့ဝင်များ ၎င်းတို့ကိုယ်တိုင် လုံခြုံရေးကိစ္စများ စီမံ ကွပ်ကဲနိုင်သည့် စွမ်းရည်ရှိမှုအပေါ် မူတည်နေကြောင်း၊ ၎င်းတို့၏ တပ်ဖွဲ့ဝင်အရေအတွက်နှင့် စွမ်းရည် ထူးထူးခြားခြားတိုးတက်မှုရှိလာကြောင်း ဟီးလ်က ပြောကြားသည်။

မမျှော်လင့်ထားသည့် ဖြစ်ရပ်များ ပေါ်ပေါက်လာခြင်းမရှိပါက အီရတ် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးကိစ္စများကို ၎င်းတို့ ကိုယ်တိုင် ၁၂လအတွင်း ဖြေရှင်းနိုင်စွမ်း ရှိနိုင်မည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။

အီရတ်တွင် အသေခံဗုံးဖောက်ခွဲမှုများသည် မကြာမီ ရက်သတ္တပတ်များအတွင်း ထူးထူးခြားခြား တိုးပွားလာခဲ့ကြောင်း ဟီးလ်ကဝန်ခံပြောကြားပြီး မည်သည့်အချိန်မှ ယင်းအရေအတွက် လျော့ကျလာမည်ကို ဟောကိန်းထုတ်ရန် ခက်ခဲလှကြောင်း ဟီးလ်က ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရိုးရာပွဲတော်

တောင်ကိုရီးယားနိုင်ငံ တေဂျူ အရပ်တွင် အစဉ်အလာရိုးရာပွဲတော် တစ်ရပ်၌ ပါဝင်ဆင်နွှဲနေကြသော ကိုရီးယား လူငယ်များကို မေ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယား-ဂါနာရုပ်ရှင်လုပ်ငန်းပူးပေါင်းဆောင်ရွက်မည်

လားဂို့စ် မေ ၂၄

နိုင်ဂျီးရီးယားနှင့် ဂါနာနိုင်ငံတို့သည် ရုပ်ရှင်လုပ်ငန်း တိုးတက်စေရေးအတွက် ရုပ်ရှင်ဇာတ်ကားများ ပူးတွဲထုတ်လုပ်ပြီး ဈေးကွက်ရှာဖွေရန် စီမံချက်တစ်ရပ် ရေးဆွဲလျက်ရှိကြောင်း နိုင်ငံပိုင်နိုင်ဂျီးရီးယား သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

<u>ပူးတွဲစီစဉ်</u>

ယင်းစီမံချက်သည် နှစ်နိုင်ငံစလုံးတွင် ရုပ်ရှင်လုပ်ငန်း ဖြစ်ထွန်းစည်ပင်လာရေးအတွက် ပူးတွဲအဆိုပြုချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း နိုင်ဂျီးရီးယား ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး အဖိုလာဘီအဒီဆာညာ၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းဌာနက ဖော်ပြသည်။

<u>မူပိုင်ခွင့်</u>

ရုပ်ရှင်ဇာတ်ကားများ၏ မူပိုင်ခွင့်ထိပါးခြင်း လျော့နည်းစေရန်လည်းကောင်း၊ အကျိုးရှိသောဈေးကွက် ရရှိရန်လည်းကောင်း၊ ရုပ်ရှင်ဇာတ်ကားများ ဖြန့်ချိသည့်ရက်စွဲများကို နှစ်နိုင်ငံက သင့်လျော်သလို ညှိနှိုင်းကြမည်ဖြစ်ကြောင်း အဒီဆာညာက ပြောကြားသည်။

<u>ဆက်လက်ကျင်းပ</u>

နှစ်နိုင်ငံအကြား သဘောကွဲလွဲမှုများကို ကြိုတင်ဟန့်တားနိုင်ရန် နိုင်ငံအဆင့် ဆွေးနွေးပွဲများနှင့် လုပ်ငန်းအဖွဲ့အစည်းအဆင့် ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ကျင်းပရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ/ဆင်ဟွာ။

လုပ်ငန်းခွင်ဝင်

တရုတ်နိုင်ငံ ရှန်ဟိုင်းလေအေးပေးစက် စက်ရုံတစ်ရုံတွင် ကွန်ပရက်ဆာ လေဖိစက်များ တပ်ဆင်နေသောလုပ်သားတစ်ဦး လုပ်ငန်းခွင် ဝင်နေသည်ကို မေ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆွဲဆောင်မှု ဟောင်ကောင်က အဆင့်ခုနစ်တွင်ရှိ

ဟောင်ကောင် မေ ၂၄

ကမ္ဘာ့ခရီးသွားဧည့်သည်များ ဆွဲဆောင်ရာတွင် ဟောင်ကောင်သည် အဆင့်ခုနစ်နေရာတွင်ရှိပြီး ၂၀၀၄ ခုနှစ်တွင် ဟောင်ကောင်သို့ လာရောက်သူပေါင်း ၂၁ ဒသမ ၈ သန်းကျော်ရှိသည်ဟု ကမ္ဘာ့ခရီးသွားလာရေးအဖွဲ့၏ စာရင်းအင်းများအရ သိရသည်။

ကမ္ဘာတွင် ခရီးသွားဧည့်သည်များကို အများဆုံးဆွဲဆောင်ရာနေရာ ၁၀ ခုရှိရာ ထိုအထဲတွင် ဟောင်ကောင်မြို့သည် တစ်ခုပါဝင်ပြီး ဟောင်ကောင်သို့ လာရောက်သည့်ဧည့်သည်များပြားခဲ့ပြီး ထိုအထဲတွင် တရုတ်ပြည်မမှ ဧည့်သည်များသည်ဟု အင်တာအိုသတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စာရင်းများအရ အဆင့်လေးနေရာတွင်ရှိသော အီတလီသို့ တရုတ်ပြည်မမှ ခရီးသွား ၄၁ သန်းကျော်သည် မှန်မှန်သွားရောက်လည်ပတ်ကြသည်။ အီတလီတွင် ခရီးသွားဧည့်သည်များအတွက် စွဲမက်ဖွယ်ရာနေရာဖြစ်သော ယူဖီဇီအနုပညာပြတိုက်နှင့် ပီဆာမျှော်စင်တို့ရှိပြီး ပေကျင်းတွင် နန်းတော်အနုပညာပြတိုက်နှင့် ဂရိတ်ဝေါတို့ရှိသည်။

ပြင်သစ်သည် သဘာဝအလှများနှင့် ယခုတိုင် ရေပန်းစားနေပြီး ယမန်နှစ်က ဧည့်သည် ၇၅ သန်း အများဆုံးလာရောက်ခဲ့ပြီး ၎င်းနောက် စပိန်နှင့် အမေရိကန်သို့ လာရောက်လည်ပတ်သူများပြားခဲ့သည်ဟု သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အုပ်ချုပ်မှု ပြန်လည်ဆန်းသစ်ရေးဆိုင်ရာ ဆွေးနွေးပွဲ တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်တွင် လေးရက်ကြာကျင်းပ

ဆိုးလ် မေ ၂၄

ဆဋ္ဌမအကြိမ်အစိုးရများ၏ အုပ်ချုပ်မှုပြန်လည်ဆန်းသစ်ရေးဆိုင်ရာ ဆွေးနွေးပွဲကို တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်တွင် အင်္ဂါနေ့က ဖွင့်လှစ်လိုက်သည်။ ကုလသမဂ္ဂနှင့် တောင်ကိုရီးယားနိုင်ငံတို့က ပူးတွဲကျင်းပသည့် အဆိုပါ ဆွေးနွေးပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၄၀ မှ ကိုယ်စားလှယ် ၅၀၀၀ ကျော် တက်ရောက်ကြသည်။

တက်ရောက်

အစိုးရများ၏ အုပ်ချုပ်မှုပြန်လည် ဆန်းသစ်ရေးဆိုင်ရာ ဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တောင်ကိုရီးယားသမ္မတ နိုမူဟွန်၊ ဘရာဇီးသမ္မတ လူဝစ်အင်နာမီယိုလူးလာဒါဆေးလ်ဗား၊ တာဂျီကစ္စတန်သမ္မတ အမ်မိုမာလီရာမိုနော့ဗ်၊ တောင်ကိုရီးယားဝန်ကြီးချုပ် လီဟဲချန်း၊ သီရိလင်္ကာဝန်ကြီးချုပ် မဟိန္ဒရာဂျာပက်ဆေးနှင့် ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ် စသည့် အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တောင်ကိုရီး ယားသမ္မတနှင့် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် ဟိုဆေးအန်တိုနီယို အိုကမ်ပိုတို့က မိန့်ခွန်းအသီးသီး ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ကမ္ဘာ့ဘဏ် စသည့် ထင်ပေါ်ကျော်ကြားသော အဖွဲ့အစည်းများမှ ပညာရှင်များနှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လူမဆန်စွာ ယုတ်မာရက်စက်သော အဖျက်သမားများကို ပြည်သူ့စွမ်းအားဖြင့် အပြီးအပိုင်ချေမှုန်း

အောင်မိုးစံ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၇) သင်တန်း ဖွင့်ပွဲအခမ်းအနားမှာ ပြောကြားတဲ့ ဩဝါဒစကားမှာ အခုလိုထည့်သွင်း မြွက်ကြားသွားခဲ့ပါတယ်။

"နက်ရှိုင်းမြင့်မြတ်သည့် နိုင်ငံရေးခံယူချက် ရှိသူများကသာ နိုင်ငံတော်ကို အမှန်အကန် တိုးတက်အောင် ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ကိုလိုနီဩဇာခံ အမြင်ကျဉ်းမြောင်းသည့် ပဒေသရာဇ်ဉာဉ်မျိုးဖြင့် နိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုကို ဖန်တီးနိုင်မည်မဟုတ်ဘူးဟု အခိုင်အမာပြောလိုကြောင်း၊ အမြင်ကျဉ်းဝါဒီတချို့၏ တူရူချက်နှင့် မျှော်မှန်းချက်မှာ ယနေ့နိုင်ငံတော်ကြီးကို တည်ဆောက်နေသည့် ပြည်သူတို့၏ အကျိုးစီးပွားနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံ ပြည်သူလူထုသည် ကိုလိုနီဩဇာခံ နယ်ချဲ့လက်ပါးစေ များကို မည်သည့်အခါကမျှ ယုံကြည်မှုမရှိဘူးဆိုတာ မိမိတို့နိုင်ငံ၏သမိုင်းမှာ အထင်အရှား တွေ့ရှိခဲ့ရပြီးဖြစ်ကြောင်း"

"အမြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမားတချို့က နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖျက်ဆီးခွင့်မရအောင် ကာကွယ်ကြရမည်ဖြစ်ကြောင်း၊ အမြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမားတချို့၏ အန္တရာယ်မှန်သမျှကို မိမိ၏အသက်ဟူသော အကြောင်းကြောင့်ပင် နောက်မတွန့်ဘဲ တွန်းလှန်ဖယ်ရှားပြီး မိမိတို့၏ ပန်းတိုင်ကို မျက်ခြည်မပြတ်ဘဲ အရောက်တက်လှမ်းသွားရန်ဖြစ်ကြောင်း" ဖြင့် မြွက်ကြားသွားခဲ့တာ ဖြစ်ပါတယ်။

ဒီဩဝါဒစကားဟာ တစ်မျိုးသားလုံး ထာဝစဉ်ခံယူကျင့်သုံးသွားရမယ့် အမျိုးသားရေးခံယူချက်၊ အမျိုးသားရေးအစဉ်အလာနဲ့ အမျိုးသားရေး သတိပင်ဖြစ်ပါတယ်။

၈–၅–၂၀၀၅ ရက်နေ့ နံနက်က တွံတေးမြို့နယ် စမ်းရွာမှ ကိုမြသောင်း၊ ကိုအုံးကြိုင်၊ နှုတ်ခမ်းမွေး သန်းအေးနဲ့ ဘုရားကြီးရွာက အညာသားသိန်းအောင်တို့ သတင်းစာတစ်စောင်ကိုင်ပြီး စာရေးသူအိမ်ကို ရောက်လာပါတယ်။ သူတို့ဟာ အဲဒီလို ခရီးကြုံတိုင်း လာလည်လေ့ရှိပါတယ်။ ရောက်ရောက်ချင်း မဆိုင်းမတွဘဲ တစ်ဦးက သတင်းစာမှာပါသော ဗုံးပေါက်ကွဲမှုသတင်းကို ဖတ်ပြပါတယ်။

စာရေးသူက ဒီလုပ်ရပ်ဟာ ဘယ်သူတွေလက်ချက်ဆိုတာကိုလဲ ဆက်ဖော်ပြထားတယ် မဟုတ်လားလို့ မေးလိုက်ပါတယ်။

သူတို့ထဲမှတစ်ဦး။ ။ ဖော်ပြထားပါတယ်။ ကျွန်တော်သိသလောက်ပြောရမယ်ဆိုရင် တစ်ချိန်တုန်းက အမြင်ကျဉ်းမြောင်းတဲ့ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲ ပြည်တွင်းသောင်းကျန်းသူ အချို့ဟာ လစ်ရင်လစ်သလို မိုင်းထောင်၊ ဗုံးခွဲလူသတ် မီးရှို့လုယက်တာတွေကို လုပ်ခဲ့ကြတယ်။ ဒါပေမယ့် အခုလိုမြို့ပေါ် လူစည်ကားတဲ့နေရာတွေမှာ မလုပ်နိုင်ခဲ့ကြဘူး။ အခုလို မြို့ပေါ်လူစည်ကားတဲ့ နေရာနဲ့ မြို့ပေါ်တွေမှာဗုံးခွဲမှုဟာ ပြည်ပြေးတွေပေါ်လာပြီးမှ ပေါ်လာတဲ့လုပ်ရပ်တွေပဲ ဖြစ်တယ်။ အထူးသဖြင့် ပြည်ပြေးတွေနဲ့ ပြည်တွင်းသောင်းကျန်းသူတွေ ပူးပေါင်းလှုပ်ရှားတဲ့ အခါမျိုးမှာ ဖြစ်ပွားလာခဲ့တယ်။ တစ်ချိန်တုန်းက ၁၉၇၀ ဝန်းကျင်မှာ ပြည်ပရောက် ပြည်ပြေးတွေ အမျိုးမျိုးအမည်ခံပြီး လှုပ်ရှားခဲ့တုန်းက အခုလိုမြို့ပေါ်ဗုံးခွဲမှုအချို့ဖြစ်ပွားခဲ့တယ်။ အခုလည်း ပြည်ပရောက်ပြည်ပြေးတွေ အမျိုးမျိုးအမည်ခံပြီး လှုပ်ရှားလာတဲ့အချိန်မှာ အပြစ်မဲ့ပြည်သူတွေကို ဗုံးခွဲသတ်ဖြတ်မှုတွေ ပြန်ပေါ်လာတာပဲဖြစ်တယ်။ အဲဒီ အကြမ်းဖက်သမားတွေဟာ ပြည်သူကို တိုက်ခိုက်သတ်ဖြတ်တဲ့ ပြည်သူ့ရန်သူပဲ။ ၂၀၀၅ခုနှစ်အတွင်းကို ကြည့်မယ်ဆိုရင် ဧပြီ ၂၁ ရက်နေ့က ထားဝယ်မှ ရန်ကုန်လာတဲ့ ခရီးသည်တင်ယာဉ်နှစ်စီးနဲ့ ခရီးသည်တင် မှန်လုံယာဉ် ၁၂ စီးကို ထားဝယ်–ရေးလမ်းပိုင်း မိုင်တိုင် အမှတ်(၃၃/၂)အရောက်မှာ KNU အကြမ်းဖက်အဖျက်သမားတစ်ဖွဲ့က လုယက်ပစ်ခတ်လို့ ရဲတပ်ဖွဲ့ဝင်နှစ်ဦး၊ ထားဝယ်တက္ကသိုလ်က ဆရာမတစ်ဦး၊ ကျောင်းသူတစ်ဦး၊ ခရီးသည်သုံးဦးနဲ့ ယာဉ်နောက်လိုက်တစ်ဦး သေဆုံးခဲ့ရတယ်။ အလားတူပဲ KNPPအကြမ်းဖက်သောင်းကျန်းသူ အဖွဲ့က ဧပြီ ၂၂ရက်နေ့မှာ လွိုင်ကော်မြို့ လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တောင်ငူဘက်ကိုသွယ်တန်းထားတဲ့ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၁၀၃)ကို မိုင်းထောင် ဖောက်ခွဲခဲ့တယ်။ ဓာတ်အားလိုင်းပျက်စီးပြီး ဓာတ်အားပို့လွှတ်မှု ပြတ်တောက်သွားခဲ့ရတယ်။ ဧပြီ ၂၆ ရက်နေ့ကလည်း မန္တလေးဈေးချို မြေညီထပ် စီရုံနဲ့ ဒီ ရုံအကြားမှာ အကြမ်းဖက်အဖျက်သမားတွေ ဗုံးထောင်ဖောက်ခွဲခဲ့လို့ အပြစ်မဲ့ပြည်သူသုံးဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရခဲ့ပြန်တယ်။

နောက်တစ်ဦး။ ။ အခုလို ကျွန်တော်တို့နိုင်ငံမှာ တည်ငြိမ်အေးချမ်းပြီး ဈေးကွက်စီးပွားရေးစနစ် တိုးတက်လာပေမယ့် ပြည်ပက စီးပွားရေးပိတ်ဆို့ပြီး ပြည်သူတွေ ဒုက္ခရောက်အောင် လုပ်နေတာဟာ ပြည်ပြေးတွေနဲ့ ပြည်တွင်းက အပေါင်းပါ အဖျက်သမားအချို့ရဲ့ သခင်အားရကျွန်ပါးဝလုပ်ရပ်ကြောင့် ဖြစ်လာခဲ့တာတွေပဲ။ ဒါတင်မကဘူးပြည်ပက လူသားချင်းစာနာတဲ့ အကူအညီတွေဖြတ်တောက်အောင်၊ ပြည်တွင်းက အဝတ်အထည် တင်ပို့မှုအပိတ်ခံရအောင်၊ မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်တွေ မလာအောင်၊ ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေ မလာအောင်၊ မြန်မာနိုင်ငံကို အထီးကျန်ဖြစ်အောင် ဒီ ပြည်တွင်းပြည်ပ အဖျက်သမားတွေပဲ အကောက်ကြံ ခလောက်ဆန်နေကြတာ မဟုတ်လား။ ဒီကနေ့ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ဒီမိုကရေစီ နိုင်ငံတော်ကို တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ အကောင်အထည်ဖော်နေတဲ့ အမျိုးသားညီလာခံကြီး ပျက်စီးရာ ပျက်စီးကြောင်းကိုလည်း သူတို့ပဲ လုပ်နေကြတယ်။ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည် မပေါ်အောင်လည်း အမျိုးမျိုး နှောင့်ယှက်နေတယ်။ အဲဒီလို မြန်မာနိုင်ငံရဲ့ အမျိုးသားရေး အကျိုးစီးပွားတွေကို ကမ်းကုန်အောင် ဖျက်လိုဖျက်ဆီးလုပ်နေပေမယ့် မအောင်မြင်တဲ့အတွက် ဒီအကြမ်းဖက် အဖျက်သမားတွေဟာ အခုလို အပြစ်မဲ့ပြည်သူတွေကို ချိန်ကိုက်ဗုံးထောင်ပြီး သတ်ဖြတ်လာတာပဲ ဖြစ်တယ်။ ပြည်သူတွေ စိုးရိမ်ထိတ်လန့်အောင် လုပ်လာတယ်။ အလွန်သူရဲဘောကြောင်ပြီး ယုတ်မာကောက်ကျစ်တဲ့ လုပ်ရပ်တွေပဲ။ လူနဲ့ တိရစ္ဆာန် ခြားနားတာဟာ အသိတရားနဲ့ ဆိုင်တယ်။ လူမဆန်တဲ့လူဟာ တိရစ္ဆာန်နဲ့ လုံးဝမခြားနားဘူး။ လူမှန်ရင် လူစိတ်ရှိဖို့ လိုတယ်လို့ ရဟန်းပညာရှိ၊ လူပညာရှိတွေက အမြဲသွန်သင် ဆုံးမထားပါတယ်။

နောက်တစ်ဦး။ ။ မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ အိမ်နီးချင်းကောင်းပီသစွာ အစဉ်တစိုက် ဆက်ဆံလာခဲ့တယ်။ ထာဝစဉ်လည်း ဆက်ဆံသွားမှာဖြစ်တယ်။ အထူးသဖြင့် အာဆီယံအဖွဲ့မှာ တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်နေတယ်။ ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းကောင်းလည်းဖြစ်တယ်။ အာဆီယံ အဖွဲ့ဝင် နိုင်ငံချင်းလည်း ဖြစ်တယ်။ နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး ခိုင်မြဲ တိုးတက်နေသလို နိုင်ငံတကာဆက်ဆံရေးမှာ အမြင်ချင်းတူညီတဲ့ နိုင်ငံလည်းဖြစ်တယ်။ အခုလို မြန်မာနိုင်ငံ ရန်ကုန်မြို့က ကုန်သွယ်မှုဗဟိုဌာနမှာ ပြုလုပ်တဲ့ ထိုင်းကုန်စည်ပြပွဲကို ချိန်ကိုက်ဗုံးခွဲတာဟာ မြန်မာ–ထိုင်း နှစ်နိုင်ငံဆက်ဆံရေးပျက်အောင် လုပ်တာပဲဖြစ်တယ်။ တစ်ပါတည်းမှာ မြန်မာနိုင်ငံမှာ လုံခြုံမှုမရှိဘူးဆိုပြီး နိုင်ငံတကာအမြင်မှာ ပုံရိပ်ထင်အောင် လုပ်လိုက်တာလည်း ဖြစ်တယ်။

ထိုင်းအစိုးရဟာ အိမ်နီးချင်းကောင်း မြန်မာ–ထိုင်း နှစ်နိုင်ငံ ပြည်သူတွေ အကျိုးကိုဖျက်ဆီးတဲ့ ပြည်ပြေး အဖျက်သမားတွေ၊ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူတွေကို ဘယ်လိုမှ သူ့မြေပေါ်မှာ လက်ခံမယ်မဟုတ်ဘူး။ ဒါကြောင့် မြန်မာ–ထိုင်း ဆက်ဆံရေးပျက်မှ သူတို့ အနေချောင်မယ် ဆိုပြီး မြန်မာ–ထိုင်း ဆက်ဆံရေးပျက်ပြားအောင် ပြည်ပ ဆရာကြီးတွေရဲ့ အစီအမံအတိုင်း ဒီပြည်ပြေး အဖျက်သမားတွေနဲ့ အကြမ်းဖက် သောင်းကျန်းသူတွေ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းလုပ်ကြတယ် ဆိုတာ သေချာတယ်။ မြေကြီးလက်ခတ်မလွဲဘူး။ အဲဒီလို ဆန်ကောလောက်မှ ဓောက်မနက်တဲ့ အကြမ်းဖက်အဖျက်သမား (Terrorist)တွေရဲ့ လုပ်ရပ်ဟာ နိုင်ငံနဲ့လူမျိုး အကျိုးကိုဖျက်ဆီးနေတာမှတစ်ပါး အခြားဘာမှမရှိဘူး။ ပြည်သူတစ်ရပ်လုံးကလည်း ဒီအဖျက်သမားတွေ ဒီယုန်မြင်လို့ ဒီချုံထွင်နေတယ်ဆိုတာ သိပြီးသားပါ။

ဒီကနေ့ဟာ နိုင်ငံတကာ ဈေးကွက်စီးပွားရေး ခေတ်ဖြစ်တဲ့အတွက် ဒေသဆိုင်ရာ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံအချင်းချင်း လက်တွဲကြိုးပမ်းနေကြတယ်။ နောက်ဆုံး ဒီအကြမ်းဖက် အဖျက်သမားတွေ ကိုယ့်ရှုံးကိုယ်ပတ်ပြီး ပြေးစရာမြေမရှိတဲ့ ဘဝကို ရောက်ကုန်မှာပါ။ ပြည်သူတွေက မင်းသားခေါင်း ဆောင်းထားတဲ့ အကြမ်းဖက် အဖျက်သမားအုပ်စုရဲ့ ဘီလူးရုပ်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီ မဟုတ်လား။

နောက်တစ်ဦး။ ။ ပြည်ပြေးအဖျက်သမားနဲ့ အကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူတွေဟာ သူတို့ရဲ့ ယုတ်မာရက်စက်တဲ့ အဖျက်လုပ်ရပ်ကို ခေါင်းကငုပ်၊ ဖင်ကပေါ်ဆိုသလို ဖုံးကွယ်ဖို့ ကြိုးပမ်းနေကြတယ်။ အခုလို ချိန်ကိုက်ဗုံးခွဲတာဟာ အတွင်းကပဲ မကျေနပ်လို့ လုပ်သလိုလိုနဲ့ ယထာဘူတကျကျ မသုံးသပ်နိုင်သူတွေ ဇဝေဇဝါဖြစ်အောင်၊ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ပြည်ပသတင်းဌာနအချို့မှာ စည်းဝါးကိုက်ပြီး အတိုင်အဖောက်ညီညီနဲ့ ထုတ်လွှင့်ပြောဆိုနေလိုက်သေးတယ်။ မြန်မာစကားပုံရှိတယ် မဟုတ်လား။ သူခိုးက လူလူဟစ်တယ်ဆိုတာ ဒါမျိုးပဲ။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ နိုင်ငံတော်ရဲ့ ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် မမိုတ်မသုန် အသက်ပုံအပ်ပြီး ကာကွယ်ထမ်းဆောင်နေတာ တပ်မတော်သာဖြစ်တယ်။ ၁၉၈၈ခုနှစ် မင်းမဲ့ စရိုက်ဆိုး ကြီးစိုးလာတဲ့ အရေးအခင်းကြီးထဲက ပြည်သူ တွေကို ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းလာခဲ့တာ တပ်မတော် အစိုးရပဲဖြစ်တယ်။ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ နိုင်ငံတော်ထူထောင်ရေး တာဝန်ကို မနားမနေ ထမ်းဆောင်လာခဲ့ပြီး ဆက်လက်ပြီးတော့လည်း သယ်ပိုးထမ်းရွက်နေတာလည်း တပ်မတော် အစိုးရပဲဖြစ်တယ်။ ဘယ်ခေတ်ဘယ်အခါနဲ့မျှ မတူ အောင် အမျိုးသားပြန်လည် သင့်မြတ်စည်းလုံးရေးကို

စာမျက်နှာ ၇ ကော်လံ ၁ သို့

"အမြင် ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမားတချို့က နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖျက်ဆီးခွင့်မရအောင် ကာကွယ်ကြရမည်၊ အမြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမားတချို့၏ အန္တရာယ်မှန်သမျှကို မိမိ၏အသက်ဟူသော အကြောင်းကြောင့်ပင် နောက်မတွန့်ဘဲ တွန်းလှန်ဖယ်ရှားပြီး မိမိတို့၏ပန်းတိုင်ကို မျက်ခြည်မပြတ်ဘဲ အရောက်တက်လှမ်းသွားရန်ဖြစ်"

လုပ်ငန်းဆောင်ရွက်မှုတိုင်း ထိရောက်ထက်မြက်စေရန်လိုအပ် ဝန်ထမ်းများ စွမ်းရည်ပြည့်ဝစေရေး အမြဲဂရုပြုကြပ်မတ်

ရန်ကုန် မေ ၂၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁) လမ်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြည်နယ်၊ တိုင်းအခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်းမန်နေဂျာများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်၊ တိုင်းအခွန်ဦးစီးမှူးများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လိုအပ်သည်များကို မှာကြားသည်။

လစ်ဟာကွက်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေး၌ တင်ပြဆွေးနွေးခဲ့ကြသည်များကို အခြေခံပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများ ချမှတ်သွားကြရန် အထူးအရေးကြီးကြောင်း၊ နိုင်ငံတော်၏ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် လစ်ဟာကွက်မရှိအောင် ထိရောက်ထက်မြက်စေရန် လိုအပ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှု၊ ဝန်ဆောင်မှုပေးရာတွင် မြန်ဆန်ချောမွေ့စေမှု၊ စေတနာ အရင်းခံပြီး ဆက်ဆံရေးပြေပြစ်မှု၊ နည်းပညာဆိုင်ရာတိုးတက်မှု အရည်အသွေးများနှင့် ပြည်သူလူထုအတွက် နိုင်ငံတကာအဆင့်မီ အကောင်းဆုံးငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ရမည် ဆိုသည်ကို သိရှိနားလည် ခံယူထားကြရန် အရေးကြီးကြောင်း။

ဌာနခွဲတာဝန်ခံ၊ ဒေသတာဝန်ခံများ အနေဖြင့်လည်း ဌာနအလိုက်၊ ပြည်နယ်၊ တိုင်းအလိုက် မိမိလက်အောက်ဌာနဝန်ထမ်းများအား စွမ်းရည်ပြည့်ဝစေရေးနှင့် စနစ်တကျရှိစေရေး အမြဲဂရုပြုကြပ်မတ်နေရန်နှင့် ဌာန၏တာဝန်နှင့် ရည်မှန်းချက်များကို မှန်ကန်ပြည့်စုံစွာ နားလည်သဘောပေါက်ရေး၊ အပြည့်အဝ တာဝန်ထမ်းဆောင်ရေးအတွက် တွန်းအားပေးနေရန် လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသွားသည်။

(သတင်းစဉ်)

ရတနာမဍ္ဍူမမ္မရိပ်သာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၂၅

ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက်(၂)လမ်း ရတနာမဍ္ဍူမမ္မရိပ်သာ၌ လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်းဖြင့်(မဟာသဒ္ဓမ္မဇောတိကဓဇ)ဆရာကြီး ဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)ဦးဆောင်၍ မေ ၃၀ရက်မှ ဇွန် ၆ရက်အထိ လစဉ်လပြည့်ကျော် ၈ရက်နေ့တိုင်း ခုနစ်ရက်ဝိပဿနာ တရားစခန်းဖွင့်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ ဖွင့်မည့်ရက် နံနက် ၇နာရီအရောက် မှတ်ပုံတင်ယူဆောင်၍ ရတနာမဍ္ဍူမမ္မရိပ်သာသို့ လာရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ပိုစတာပြိုင်ပွဲ ကျင်းပမည့်ရက်နှင့်အချိန် ပြောင်းလဲသတ်မှတ်

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်သီလာခန်းမ၌ မေ ၂၆ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည့် ၂၀၀၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ပိုစတာပြိုင်ပွဲကို မေ ၂၇ရက် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီသို့ ပြောင်းလဲကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

▶ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

တည်ဆောက်လာနိုင်တာလည်း တပ်မတော်အစိုးရပဲ။ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာ နယ်စွန်နယ်ဖျား ဒေသပါမကျန် တစ်နိုင်ငံလုံးနီးပါး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက် လာခဲ့တာဟာလည်း တပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှု ကြောင့်သာဖြစ်တယ်။ ခြုံပြီးပြောရမယ်ဆိုရင် အခုလို တစ်နိုင်ငံလုံး ဘယ်ခေတ် ဘယ်အခါနဲ့မျှမတူအောင် ပြောင်းလဲတိုးတက်လာနေတာဟာ တပ်မတော်အစိုးရကြောင့်ပဲ မဟုတ်လား။

ဒါ့အပြင် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော် အသွင်ကူးပြောင်းရေးကို တိုင်းရင်းသားညီအစ်ကိုတွေ အောင်မြင်စွာ လက်တွဲအကောင်အထည်ဖော်လာနိုင်နေပြီဖြစ်တယ်။ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြည်ထောင်စုတစ်ဝန်းက တိုင်းရင်းသား ကိုယ်စားလှယ်စုံညီစွာနဲ့ အောင်အောင်မြင်မြင် ကျင်းပနိုင်လျက်ရှိတာဟာ ဒီမိုကရေစီနိုင်ငံတော်ကို လက်တွေ့ထူထောင်ပေးနေတဲ့ တပ်မတော်အစိုးရရဲ့ အောင်မြင်မှုတစ်ရပ်ပဲ။ အဲဒီလို တပ်မတော်အစိုးရရဲ့ နိုင်ငံထူထောင်ရေး လုပ်ငန်းမှန်သမျှကို အစဉ်တစိုက် ဖျက်လိုဖျက်ဆီး ကဖျက် ယဖျက် လိုက်လုပ်နေသူတွေဟာ ပြည်ပအားကိုး အဆိုးမြင်ဝါဒီ ပြည်ပြေးအဖျက်သမားတွေနဲ့ ပြည်တွင်းအကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူတွေဖြစ်တယ်ဆိုတာ တိုင်းသိပြည်သိ ကမ္ဘာသိပါ။

အခုလို ဆွေးနွေးနေသူတွေထဲက နှစ်ဦးဟာ ကုန်ရောင်းကုန်ဝယ်အလုပ်နဲ့ ဗဟုသုတလိုက်စားသူတွေဖြစ်ပြီး အခြားတစ်ဦးက ခေတ်ပညာသင်ဖူးသူ၊ အခြားတစ်ဦးက ဘုန်းကြီးကျောင်းထွက်ဖြစ်ပါတယ်။ သူတို့ဟာ လူရွယ်တွေဖြစ်ပါတယ်။ သူတို့ဟာ ရိုးသားတဲ့အမြင်နဲ့ ယထာဘူတကျကျ ဆွေးနွေးသွားခဲ့ကြတာပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ နှစ်ပေါင်းရှည်ကြာစွာ အဓွန့်ရှည်တည်တံ့လာတဲ့ နိုင်ငံဖြစ်ပါတယ်။ အခုလို နိုင်ငံ့သမိုင်း ရှည်လျားစွာ တည်တံ့ထွန်းပြောင်လာခဲ့တာဟာ တိုင်းရင်းသား သွေးချင်းအားလုံးက တိုင်းပြည်ရန်သူဟူသမျှကို စုပေါင်းကာကွယ်တွန်းလှန်နိုင်ခဲ့ကြလို့ပဲဖြစ်ပါတယ်။ ဒါကြောင့် တစ်မျိုးသားလုံး အဆင့်ဆင့်ကြိုးပမ်းထူထောင်လာခဲ့လို့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်ရေး မဝေးတော့တဲ့ ဒီကနေ့လို အချိန်အခါမှာ အပြစ်မဲ့ ပြည်သူတွေကို ဗုံးထောင်သတ်ဖြတ်တဲ့အထိ လူမဆန်စွာ ရက်စက်ယုတ်မာနေတဲ့ အကြမ်းဖက်အဖျက်သမားတွေကို ပြည်သူ့စွမ်းအားနဲ့ အပြီးအပိုင် ချေမှုန်းသွားကြဖို့ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

ပေါင်မြို့နယ် မိုးနိုင်းရပ်ကွက် ကိုယ့်အားကိုယ်ကိုး ရွှေဟသာ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မြို့နယ် ဥက္ကဋ္ဌ ဦးထွန်းမြနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင်ပြန်/ဆက်)

စာကြည့်တိုက် ဖွင့်ပွဲများကျင်းပ

ရန်ကုန် မေ ၂၅

သထုံခရိုင် ပေါင်မြို့နယ် မိုးနိုင်းရပ်ကွက် ရွှေဟသာ်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ရက်တွင် အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းမြနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြသည်။ ထို့နောက် စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်မျိုးစုံ ၂၄၂အုပ်ကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက လှူဒါန်းကြသည်။

အလားတူ သထုံခရိုင် ဘီးလင်းမြို့နယ် အလူးကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာတံခွန်စာကြည့်တိုက် ဖွင့်ပွဲကို မေ ၂၁ရက်တွင် အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးချစ်ပိုနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်လေးနွယ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက်အတွက် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကျေးရွာ စေတနာရှင်များက စာအုပ်၊ စာစောင် ၁၂၀ကို လှူဒါန်းကြသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ မေလ (၂၄)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၇၅၇၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

❀ **ကျောဖုံးမှ**

အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက သင်တန်းထူးချွန်ဆု ရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းဆင်း လက်မှတ်များကို ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်က ပေးအပ်သည်။

ယင်းနောက် ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အတွက် အလှူငွေများကို မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်ခိုင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်လှိုင်အား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် သေနတ်ပစ်အားကစားလေ့ကျင့်မှု ကြည့်ရှုအားပေး

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ နံနက် ၈နာရီတွင် တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာသေနတ်ပစ်ကွင်းသို့ရောက်ရှိပြီး ၂၀၀၅ခုနှစ် နိုဝင်ဘာ ၂၇ရက်မှ ဒီဇင်ဘာ ၅ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားသမား များ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ဝန်ကြီးအား အားကစားဝန်ကြီး ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ နိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်မှ တာဝန် ရှိသူများနှင့် နည်းပြဆရာများက စခန်းသွင်း လေ့ကျင့်မှုအခြေအနေ များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုတင်ပြကြပြီး ဝန်ကြီး က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် စခန်း သွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် သေနတ်ပစ် အားကစားသမားများအား တွေ့ဆုံ၍ သတ်မှတ်ထားသည့် ရည်မှန်းချက် ပြည့်မီ ကျော်လွန်စေရေးအတွက် စိတ်ဓာတ်မြင့်မြင့်မားမားဖြင့် စည်း ကမ်းလိုက်နာ၍ ပြင်းပြင်းထန်ထန် လေ့ကျင့်သွားကြရန် အားပေးစကား ပြောကြားသည်။

ဝန်ကြီးသည် မွန်းလွဲ ၁နာရီတွင် အောင်ဆန်းကစားပြိုင်ဝင်း မိုးလုံ လေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပ သော ၂၀၀၅ခုနှစ် တတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဖလား (၃၆)ကြိမ်မြောက် ပြည်နယ် နှင့်တိုင်း (က)အဆင့် တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ သတ်မှတ်နေရာ၌ နေရာယူကြပြီး ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်း အသင်းက တံခွန်စိုက်ဒိုင်းကို ပြန် လည်အပ်နှံရာ ဝန်ကြီးက လက်ခံပြီး အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများ အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြ ပြီး အားကစားပြိုင်ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသွားကြကာ ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်း၍ ယနေ့ ပြိုင်ပွဲပွဲစဉ်များကို ဆက်လက်ကျင်းပ သည်။

အမျိုးသမီး ၅၀ကီလိုတန်းပြိုင်ပွဲ အပြီးတွင် ပထမဆုရရှိသော နော်မူး ချေ(ကရင်ပြည်နယ်)နှင့် ဒုတိယဆု ရရှိသော ဝါဝါဝင်း (မန္တလေးတိုင်း) တို့အား ဝန်ကြီးက လည်းကောင်း၊ အမျိုးသမီး ၅၂ကီလိုတန်း ပြိုင်ပွဲအပြီး တွင် ပထမဆုရရှိသော နီလာကျော် (မန္တလေးတိုင်း)နှင့် ရွှေဘိုမေရီ (စစ်ကိုင်းတိုင်း)တို့အား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကလည်းကောင်း ဆုများ အသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် ကျန်ပွဲစဉ်များကို ဆက် လက်ကျင်းပကြသည်။ ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်း ၁၆သင်း ပါဝင် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇွန် ၃ရက် အထိ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုတို လစ်သို ပုံနှိပ်စက်ရုံ၌ စာစောင်များ ပုံနှိပ်ရိုက်နှိပ်မှုများကို ကြည့်ရှုစစ်ဆေး စဉ်။ (သတင်းစဉ်)

❒ **ပြင်ပမှ**

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စက်ရုံညွှန်ခန်းမ၌ စက်ရုံမှူး ဦးလှိုင်ဝင်းခေါင်က စက်ရုံ၏သမိုင်း၊ ဝန်ထမ်းဦးရေ၊ တိုရီဘာ လေးယူနစ် ပတ်လည်စက်နှစ်လုံး၊ Sonal Sheetfed စက်နှစ်လုံးတို့ဖြင့် စာပေဗိမာန်ထုတ်စာစောင်များ၊ တပ်မတော်စာစဉ်များ၊ ဒို့ကျေးရွာဂျာနယ်များ အပါအဝင် စာစောင်၊ စာစဉ်၊ ဂျာနယ်များ ပုံနှိပ်ရိုက်နှိပ်မှု၊ စက်စွမ်းအား တစ်နာရီလျှင် စာမျက်နှာ ၈၀ ဗလာစာအုပ် ၃၆၀၀ ရိုက်နှိပ်နိုင်သည့် ယူရိုမက်တစ်စက်သုံးလုံးဖြင့် ဗလာစာအုပ်တန် ၁၀၀ ပုံနှိပ်ဆောင်ရွက်နေမှု၊ ပြင်ပမှလုပ်ငန်းများ လက်ခံပုံနှိပ်ရိုက်နှိပ်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာ ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်းနှင့် တာဝန် ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျောင်းသုံးဗလာစာအုပ်များ သတ်မှတ်အရေအတွက် အပြည့်အဝ တစ်လ အတွင်း ရိုက်နှိပ်ပြီးစီးအောင် သက်ဆိုင်ရာ တာဝန်ရှိသူများအား ခေါ်ယူညှိနှိုင်း ဆောင်ရွက်ရေး၊ ပြင်ပမှအပ်နှံသည့် လုပ်ငန်းများကို စံချိန်စံညွှန်းမီ ကောင်းမွန် အောင်ဆောင်ရွက်ပြီး နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်အောင် ဆောင်ရွက် ရေး၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စက်များ ကြံ့ခိုင်မှု ကောင်းမွန်အောင် ဂရုပြုဆောင်ရွက်ရေး၊ စက်ရုံ၏ လုံခြုံရေးနှင့် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးတို့အတွက် စီမံချက်ရေးဆွဲ၍ စနစ်တကျ ကြပ်မတ် ဆောင်ရွက်ရေး၊ တာဝန်ရှိသူများကိုယ်တိုင် အောက်ခြေအထိ ကွင်းဆင်းဆောင် ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းတို့နှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်းရှိ ယူရိုမက်တစ်စက် များဖြင့် ကျောင်းသုံးဗလာစာအုပ် ပုံနှိပ်ရိုက်နှိပ်မှုများကို လည်းကောင်း၊ တိုရီဘာ လေးယူနစ်ပတ်လည်စက်၏ စက်စွမ်းအားပြည့် ပုံနှိပ်ရိုက်နှိပ်မှုကို လည်းကောင်း၊ စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိရေးအတွက် ဆောင်ရွက်နေမှုများကို လည်းကောင်း စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် ညနေ ၆နာရီ တွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ရှိ ဂျီတီစီပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ဂျာမနီနိုင်ငံလုပ် နှစ်ယူနစ်ပတ်လည်အော့ဖ်စက်၏ လျှပ်စစ်ပိုင်းဆိုင်ရာ ပြုပြင် ဆောင်ရွက်နေမှုများနှင့် စက်ရုံအတွင်းရှိ ပုံနှိပ်စက်များကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ စက်ရုံမှူး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက် နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ ညပိုင်းတွင် ဂျီတီစီပုံနှိပ်စက်ရုံမှ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

အိန္ဒိယသတင်းဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၅

အာဆီယံ–အိန္ဒိယ သတင်းဆက် သွယ်ရေး အပြန်အလှန် ပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး (သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သည့် အိန္ဒိယ သတင်းဆက်သွယ်ရေးကိုယ်စားလှယ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ ပြန် ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ နှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး (ရုပ်မြင်/အင်္ဂလိပ်) ဦးဝင်းကြည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယ သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

မသန်စွမ်းကလေးများအတွက် သင်ယူသင်ကြားမှုပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်း ဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၅

မသန်စွမ်းကလေးများအတွက် သင်ယူသင်ကြားမှုပစ္စည်းများထုတ်လုပ်ရေး လုပ်ငန်းဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနား ကို ယနေ့ညနေ ၃နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန မြန်မာ နိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းက မသန်စွမ်းကလေး များအတွက် သင်ယူသင်ကြားမှု ပစ္စည်းများထုတ်လုပ်ရေး လုပ်ငန်း ဆွေးနွေးပွဲကိုခြောက်ရက်ကြာ ကျင်းပ ခဲ့ရာ ဆွေးနွေးပွဲ တက်ရောက်သူများ က မသန်စွမ်းကလေးများအတွက် သင်ထောက်ကူပစ္စည်းများကို ဆွေး နွေးထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ထုတ် လုပ်ခဲ့သော သင်ထောက်ကူပစ္စည်း များသည် မသန်စွမ်းကလေးများ သင်ယူသင်ကြားရေးအတွက် များစွာ အထောက်အကူပြုသည်ကို တွေ့ရ ကြောင်း၊ ဆက်လက်၍လည်း သင် ထောက်ကူပစ္စည်းများ ထုတ်လုပ်သွား ကြစေလိုကြောင်းဖြင့် ပြောကြား သည်။

ဆက်လက်၍ အမှတ်(၁) အခြေခံ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုထံသို့ မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်ကြူက သင်ယူသင်ကြားမှု အထောက်အကူပြု ပစ္စည်းများစာရင်းကို လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဘိုဝင်းနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးအေးကြူတို့က ဂုဏ်ပြု မှတ်တမ်းလွှာများချီးမြှင့်ပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လုပ်ငန်းဆွေးနွေးပွဲက နားမကြားကလေးများ၊ မျက်မမြင် ကလေးများ၊ မျက်မမြင်ကလေးများ ကို သင်ကြားသော ဆရာများအတွက် ဘာသာရပ်ဆိုင်ရာဗွီစီဒီများ၊ အသံသွင်း တိပ်ခွေများနှင့် ရုပ်ပြစာအုပ်များကို ထုတ်လုပ်ပေးခဲ့သည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၂၅–၅–၂၀၀၅)

မင်းဘူး

၄၄ ဒီဂရီစင်တီဂရိတ်

(၁၁၁ ဒီဂရီဖာရင်ဟိုက်)

မကွေး

၄၃ ဒီဂရီစင်တီဂရိတ်

(၁၀၉ ဒီဂရီဖာရင်ဟိုက်)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရဝဏ် အတွင်း ဘက်စုံပြုပြင် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေ ပေးအပ်ပွဲကို မေ ၇ရက်ကကျင်းပရာ အလှူရှင် မော်လမြိုင်မြို့ ဘိုကုန်းရပ် သံလွင်ဥယျာဉ်လမ်းသွယ် (၂၄–စီ)နေ (ကွယ်လွန်သူ) ဦးမောင်မောင်– ဒေါ်မေလှိုင်တို့အားရည်စူး၍ ဒေါ်သန်းအေးမောင်နှမတစ်စုတို့က ငွေကျပ် ခုနစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (က–ပ)



ဆောက်လုပ်ရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ဆောက်လုပ်မှုစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်းစီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများကမိမိတို့လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေ၊ ရန်ပုံငွေရရှိမှု၊ စက်ယန္တရားများနှင့် ဆောက်လုပ်ရေးပစ္စည်းများ ရရှိသုံးစွဲမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ပထမနေ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်း ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(ဆောက်လုပ်ရေး)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(စက်မှု-၂)

ပုဇွန်တောင်မြို့နယ် (၂၂)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို အထက(၁) ပုဇွန်တောင်၌ မေ ၂၅ရက်က ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောသရ (အဂ္ဂမဟာပဏ္ဍိတ)၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း နည်းပြတာဝန်ခံ ဆရာတော် ဘဒ္ဒန္တ ဣန္ဒက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နှင့် ကြီးကြပ်ရေး ဆရာတော်များ ကြီးကြပ်ဆောင်ရွက်စဉ်။
(က-ပ)

စီမံကိန်းသစ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက် အလေအလွင့်နည်းပါးအောင် ခြိုးခြံချွေတာ

ရန်ကုန် မေ ၂၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် အမှတ်(၅၆) ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂)စက်မှု ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံအထွေထွေ မန်နေဂျာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်မှ စက်မှုကဏ္ဍကို တိုးမြှင့်လာခဲ့ရာ အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် အဓိကအပိုင်းမှ ပါဝင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်လျာထားချက်များ ပြည့်မီရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများ၊ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းသစ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် အလေအလွင့်နည်းပါးပြီး ခြိုးခြံချွေတာကြရန် အထူးမှာကြားလိုကြောင်း၊ ပြီးခဲ့သည့် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ အားသာချက်များ၊ အားနည်းချက်များကို ဦးစီးဌာန၊ လုပ်ငန်းတစ်ခုချင်းအလိုက် သုံးသပ်ပြီး ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်မှု၊ ရောင်းချမှု လျာထားချက်များ ပြည့်မီကျော်လွန်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က စက်ရုံများ၏ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ် ထုတ်လုပ်မှုလျာထားချက်များ ပြည့်မီရေးအတွက် ဆောင်ရွက်ရန်များကို တင်ပြသည်။ ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ကုန်ထုတ်လုပ်မှု လျာထားချက်များ ပြည့်မီရေးလိုအပ်ချက်များကို သုံးသပ်တင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးများက ကုန်ထုတ်လုပ်မှုလျာထားချက် ပြည့်မီရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဌာန/လုပ်ငန်း၊ စက်ရုံများမှ ဝန်ထမ်းသား သမီးများအတွက် ပညာသင်ထောက်ပံ့ငွေများကို ဝန်ကြီးဗိုလ်ချုပ်စောလွင်နှင့်ဒုတိယ ဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်တို့က ပေးအပ်ချီးမြှင့်ရာသက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် စက်ရုံအထွေထွေ မန်နေဂျာများက လက်ခံရယူကြသည်။ (သတင်းစဉ်)

ပါကစ္စတန်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၅

ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC) မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) Mr. Javed Hassan ခေါင်းဆောင်သည့် လေ့လာရေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhry နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် စေတီတော်ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။ (သတင်းစဉ်)

ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ Pakistan Administrative Staff College (PASC) မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) Mr. Javed Hassan ခေါင်းဆောင်သည့် လေ့လာရေးအဖွဲ့ ပြန်လည်ထွက်ခွာရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် အစည်းအဝေး (၅/၂၀၀၅)ကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့အမှတ်(၅၂၉) ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

ဗဟိုအမှုဆောင်အစည်းအဝေးသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)နှင့် ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

ဗဟိုအမှုဆောင်အစည်းအဝေးတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က သဘာပတိအဖြစ်ဆောင်ရွက်ပြီး တွဲဖက်အတွင်းရေးမှူး(၃)ဦးခင်ဆွေ(ရွှေစွန်ညို)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုအမှုဆောင်အစည်းအဝေး(၄/၂၀၀၅)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကိုတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာ ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်းစစ်အဖွဲ့၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များက အဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်ထားမှုများကို တင်ပြကြပြီး ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကိုညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်း လွှဲပြောင်းပေးအပ်

ရန်ကုန် မေ ၂၅

မြင်းခြံမြို့နယ် မီးပေါက်ကျေးရွာ ကျေးလက်ကျန်းမာရေး ဆေးပေးခန်း အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဆေးပေးခန်း အဆောက်အအုံရှေ့၌ကျင်းပသည်။ ရှေးဦးစွာ ကျေးလက်ဆေးပေးခန်းကို မြင်းခြံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်လှနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ငြိမ်းက ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်လှထံသို့ ကျေးလက်ဆေးပေးခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။ အဆိုပါ ကျေးလက်ဆေးပေးခန်းကို ကျေးရွာပြည်သူများက စုပေါင်းလှူဒါန်း ငွေကျပ်ကိုးသိန်းဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၇။ အတီးပြိုင်ပွဲ
၈:၁၀ ၈။ အကပဒေသာ
၈:၂၀ ၉။ ကချင်ပြည်နယ်မိုးကောင်းတံတား
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ- ဒုတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)
၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀ ၇။ တေးသရုပ်ဖော်အစီအစဉ်
၅:၃၅ ၈။ **"နင်းကြည့်စမ်းပါ" (မင်းအုပ်စိုး၊ညီထွား၊ခင်စိုးပိုင်) [ဒါရိုက်တာ-မင်းအုပ်စိုး]**
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၆:၁၅ ၁၁။ သက်တံရောင်သံစဉ်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်သောညီမ(အပိုင်း-၃၃)**
၇:၃၅ ၁၅။ လူငယ်တွေ့ဆုံပွဲနှင့်နှီးနှောဖလှယ်ပွဲ(ပုဂံ) (အပိုင်း-၄)
၇:၄၅ ၁၆။ တေးဂီတအစီအစဉ်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာရုပ်ရှင် "အချစ်ကိုမွေးဖွားခြင်း" (အပိုင်း-၁) (ရန်အောင်၊လူမင်း၊ထွန်းအိန္ဒြာဗို၊စိုးမြတ်နန္ဒာ) ဒါရိုက်တာ-မောင်တင်ဦး**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ဗုဒ္ဓါဘိသေကအနေကဇာတင်၊ စက်ရေတွင်းဖွင့်

ရန်ကုန် မေ ၂၅

ညောင်ဦးမြို့နယ်စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ သမိုင်းဝင်ရှေးဟောင်းဆုတောင်း ပြည့်စေတီတော်ကြီးနှင့် ဂြိုဟ်တိုင်များတွင် သီတင်းသုံးတော်မူသည့် ဆင်းတုတော် များ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ အလုံမြို့နယ်နေ ဦးဝင်းလွင်-ဒေါ်အေး(ခ)ဒေါ်အေးမြင့်စိန်မိသားစု၊ ဗိုလ်တထောင်မြို့နယ်နေ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွန့်မိသားစုတို့က လှူဒါန်းသည့် အဝီစိရေတွင်း၊ မီးစက်၊ ရေမှုတ်စက်များဖွင့်ပွဲ နှင့် ရန်ကင်းမြို့နယ်နေ သတင်းထောက် ဦးအောင်ရွှေဦး-ဒေါ်နီနီမိသားစုက လှူဒါန်းသည့် ဗောဓိညောင်ပင် ကဆုန်ညောင်ရေသွန်းလောင်းပွဲကို မေ ၂၂ရက် (ကဆုန်လပြည့်)နေ့က ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း သံဃာ့ဝန်ဆောင် ဓမ္မာစရိယဝိနယပါဠိပါရဂူ၊ ဘဒ္ဒန္တမဏ္ဍလ၊ စဉ့်ကူ သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ရွှေကျောင်းကြီးဆရာတော် ဘဒ္ဒန္တကောသလ္လ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဥတ္တမ(စဉ့်ကူဆရာတော်) နှင့် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူပြီး ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)နာယက ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း)က အခမ်းအနား ကျင်းပရခြင်းလျှောက်ထားကာ စေတီတော်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှမော်က ကျေးဇူးတင်စကား ပြောကြားပြီးဆရာတော်များက ရေချိုစက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** (၆၁)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ် မေလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) (၂၉-၅-၂၀၀၅)ရက်နေ့

၂၀၀၅ ခုနှစ် ဇွန်လအတွက်

(၁၂-၆-၂၀၀၅) ရက်နေ့

နှင့်

(၂၆-၆-၂၀၀၅) ရက်နေ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မြန်မာနိုင်ငံပိုက်ကျော်ခြင်းပြိုင်ပွဲ
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	လယ်ယာ(၁၆)လက်တွန်းထွန်စက်မောင်းနှင်ခြင်းနှင့် တွဲဖက်ကိရိယာတပ်ဆင်ခြင်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ပုဂံယဉ်ကျေးမှုနယ်မြေမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအကြောင်းသိကောင်းစရာ
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	KND 5 B ဒီဇယ်အင်ဂျင်
၉း၂၀	လက်ဆင့်ကမ်းဝေဂီတအမွေ
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	အကွက်ဖော်အထပ်သားနှင့် သစ်ပါးလွှာပန်းချီထုတ်လုပ်မှုလုပ်ငန်း
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	UEFA Stories Best Games
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မြန်မာ့ခြင်းလုံး
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	ကိုယ်ဝန်ဆောင်မိခင်များနှင့် HIV/AIDS ရောဂါ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ(၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ်(၈၀) ဝေဠုဝန်လမ်းကျယ် စမ်းချောင်းမြို့နယ်နေ ဦးညွန့်ကြည် အားရည်စူး၍ ဇနီး ဒေါ်အေးအေး မြင့်နှင့် သားသမီး၊ မြေးတစ်စုက အက်ဖ်အီးစီ ၅၀၀ ကို ဆရာတော် အရှင် ဆန္ဒာဓိက၏ရှေ့မှောက်တွင် ဥက္ကဋ္ဌ ဦးရိုန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာပေဗိမာန် ပြည်သူ့လက်စွဲစာအုပ်များ ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်လေးမျိုးကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

အဆိုပါစာအုပ်များမှာ ၂၀၀၃ခုနှစ် စာပေဗိမာန်စာမူဆုရ စာအုပ်များဖြစ်သည့် စာပဒေသာဆုရ သုတေသီရာမညကိုကိုနိုင်၏ စစ်ပါရဂူနှင့် ကဗျာ့ဝိဒူစာအုပ်၊ သုတပဒေသာ သိပ္ပံနှင့်အသုံးချပညာရပ်ဆုရ ခင်ပြုံးရီ (မြန်မာ့အသံ)၏ ရေဒီယိုအသံလှိုင်းများ၏ အရင်းအမြစ်စာအုပ်၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုရ ရွှေဘို ဘာမထီ ခင်အောင်၏ ကမ္ဘာ့လက်ဖွဲ့လောကမှ သုတအဖြာဖြာစာအုပ်နှင့် ၂၀၀၂ ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ဆုရ နန်းမိုးစောအောင်၏ နှလုံးလုဂုဏ်ရည်စာအုပ်တို့ ဖြစ်သည်။

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံ ဈေးသစ်(ဒုတိယထပ်)ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ် စာပေဗိမာန် ကိုယ်စားလှယ်များထံ တွင် ဝယ်ယူ ရရှိနိုင်သည်။ (သတင်းစဉ်)

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၅ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar)၊ အထွေထွေ အတွင်းရေးမှူး ဦးလေးနိုင်နှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲ၏ အမျိုးသားအသက်(၁၄)နှစ်အောက် တစ်ဦးချင်းပတ်လည်ပြိုင်ပွဲတွင် အိုက်ကျောက်က ဝင်းထက်ပိုင်ကို ၄-၆၊ ၆-၃၊ ၆-၁ ဖြင့်လည်းကောင်း၊ အောင်ကျော်နိုင်က ကျော်မြင့်သန်းကို ၆-၃၊ ၆-၀ဖြင့်လည်းကောင်း၊ တင်မျိုးဝေက အောင်ကိုဦးကို ၆-၁၊ ၆-၄ ဖြင့်လည်းကောင်း၊ အိုက်ကျောက်က ကျော်မြင့်သန်းကို ၆-၂၊ ၆-၀ ဖြင့်လည်းကောင်း၊ အောင်ကျော်နိုင်က တင်မျိုးဝေကို ၆-၀၊ ၆-၀ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြပြီး အမျိုးသမီးပြိုင်ပွဲတွင် မိုးချစ်သဲက သန္တာအောင်ကို ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိသွားသည်။

(က)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် မြို့တော်စည်ပင်အသင်းက အမှတ်(၁) စက်မှုအသင်းကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။

(ခ)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် Morning Star အသင်းက ခရမ်းအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် နိုင်ပြီး မြို့တော်စည်ပင်အသင်းက Horn Bill အသင်းကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။

မေ ၂၆ ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ပြိုင်ပွဲကို ဆက်လက်ကျင်းပမည် ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်မြို့နယ် ၆ မိုင်ခွဲ၊ ပြည်လမ်း အမှတ် (၁၆/အေ) နေ ကွယ်လွန်သူဦးပေါက်ထူးအားရည်စူး၍ ဒေါ်ကျင်အေး၊ သားသမီး၊ မြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမောင်တင်ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ မျိုးချစ်တပ်မတော်
၄း၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅	၈။ မျိုးချစ်တပ်မတော်
၅း၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -"Echo Location (ဒုတိယနှစ်-အင်္ဂလိပ်စာအထူးပြု)**
၅း၃၅	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။ နိုင်ငံတကာသတင်း
၆း၂၀	၁၄။ မိုးလေဝသသတင်း
၆း၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၆။ **ထူးခြားသောကလေးငယ် ကာတွန်းဇာတ်လမ်း (အပိုင်း-၅၁)**
၆း၅၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွာနဲ့ကြမ္မာ" (အပိုင်း-၂၅)**
၈း၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ မြဝတီရဲ့မြဝတီ
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း" (အပိုင်း-၁၁)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

လူကုန်ကူးခံရသည့် အမျိုးသမီးငယ် ၁၂ဦးအား မိသားစုထံ အပ်နှံပို့ဆောင်ပေးသည့် အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့က လူကုန်ကူးခံရသည့် အမျိုးသမီးငယ် ၁၂ဦးတို့အား မိသားစုထံသို့ အပ်နှံပို့ဆောင်ပေးသည့် အခမ်းအနားကို မေ ၁၉ ရက် နံနက် ၁၀နာရီခွဲတွင် တာချီလိတ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်အေးအေးသန်း၊ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီး တင့်လွင်၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ UNIAP မှ တာဝန်ရှိသူများ၊ လူကုန်ကူးခံရသည့် အမျိုးသမီးငယ် ၁၂ဦးနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည် နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ကြည်ကြည်မြက အဖွင့်အမှာစကားပြောကြားပြီး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက လူကုန်ကူးခံရသည့် အမျိုးသမီးငယ် ၁၂ဦးတို့အား မိသားစုထံ ပြန်လည်အပ်နှံပို့ဆောင်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသန်းနှင့် UNIAP မှ ဒေါ်အိကလျာမိုး၊ ဝေါလ်ဗွီရှင်းမှ ဒေါ်မာလာစန်းတို့က လူကုန်ကူးခံရသူ အမျိုးသမီးငယ် ၁၂ဦးတို့အား အားပေးစကားပြောကြားကြသည်။

ထို့နောက်အမျိုးသမီးငယ် ၁၂ဦး ကိုယ်စား အမျိုးသမီးငယ် နန်းကျန်က ကျေးဇူးတင်စကား ပြောကြားပြီး အမျိုးသမီးငယ် ၁၂ဦးတို့၏ မိဘများ ကိုယ်စား နန်းကျန်၏ဖခင်ဦးစိုင်းကော်နှင့်နန်းတောင်၏ဖခင်ဦးစိုင်းကျန်တို့က ၎င်းတို့၏ သမီးငယ်များအား မိသားစုထံ ပြန်လည်ရောက်ရှိရေးအတွက် အဘက်ဘက်ကကူညီပေးကြသည့်အမျိုးသမီးရေးရာအဖွဲ့၊ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းနှင့် လူမှုရေးအသင်းအဖွဲ့များအား ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အဆောက်အအုံဆောက်လုပ်ခွင့်နှင့်မြေယာကိစ္စများ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခွင့်နှင့် မြေယာကိစ္စများနှင့်ပတ်သက်၍ မြန်ဆန်သွက်လက်စေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် သက်ဆိုင်ရာ ဌာနမှူးများဖြစ်ကြသည့် ဦးဇော်ဝင်း၊ ဦးမြင့်သန်းတို့နှင့် အတူ ဌာနဆိုင်ရာဝန်ထမ်းများဖြင့် နေ့စဉ် မွန်းတည့် ၁၂နာရီမှစ၍ မြို့တော်ခန်းမ ပထမထပ်တွင် ဆောင်ရွက်ပေးလျက်ရှိသည်။ (အောက်ပုံ)

မြေစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဂရန်သက်တမ်းတိုးခြင်း၊ မြေအမည်ပြောင်းဂရန်မိတ္တူလျှောက်ထားခြင်း၊ ၃(ခ) လျှောက်ထားခြင်း၊ မြေကွက်ခွဲ အတည်ပြု လျှောက်ထားခြင်း၊ ဂရန်ခွဲလျှောက်ထားခြင်း၊ မြေပုံမြေရာဇဝင် လျှောက်ထားခြင်း၊ မြေတိုင်းလျှောက်ထားခြင်း လုပ်ငန်းများအတွက် အထောက်အထား ၁၀ချက်ပြည့်စုံရမည်ဖြစ်သည်။ ထို့နည်းတူစွာ အဆောက်အအုံ ဆောက်လုပ်ရာတွင်လည်း လိုအပ်ချက် စာရွက်စာတမ်းများ အချက်အလက် ၁၁ ချက်ပါရှိရမည်ဖြစ်ပြီး သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ ညီညွတ်ပြည့်စုံရမည်ဖြစ်သည်။

အထက်ပါ အချက်အလက်များ ညီညွတ်ပြည့်စုံပါက မြေအမည်ပြောင်းရက် ၃၀၊ မြေပုံကူး အမည်ပေါက် ၁၄ ရက်၊ အမည်ပေါက် မဟုတ်ဘဲ ဆက်ခံခွင့်ရှိသူ ရက်ပေါင်း ၃၀ ကြာမြင့်မည်ဖြစ်သည်။

ကြော်ငြာထား

အဆောက်အအုံကိစ္စနှင့်ပတ်သက်၍ အချက်အလက်ပြည့်စုံပါက အမှုတွဲ လက်ခံသည့်နေ့မှ ခုနစ်ရက် ပြည့်မြောက်သည့်နေ့တွင် ငွေသွင်းခွင့်ရရှိပြီး အမှုတွဲ လက်ခံသည့်နေ့မှ ၁၄ရက်ပြည့်မြောက်သည့်နေ့တွင် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်သည်။ အထက်ပါကိစ္စများနှင့်ပတ်သက်၍ အချက်အလက်အပြည့်အစုံကို မြို့တော်ခန်းမ လူမြင်ကွင်းနေရာအနှံ့၌ ကြော်ငြာထားကြောင်း သိရသည်။ (၁၉)

ကိုးမိုင်မဟာစည် ကဆုန်ညောင်ရေသွန်းပွဲကျင်းပ

ရန်ကုန် မေ ၂၅

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ညောင်ရေသွန်းပွဲတော် မင်္ဂလာအခမ်းအနားကို ကဆုန်လပြည့်နေ့ နံနက် ၉နာရီက မဟာစည်ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အခမ်းအနားတွင် ဥက္ကဋ္ဌဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆိုကာဖွင့်လှစ်ပြီး ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်က ညောင်ရေသွန်းတရားတော်ကို ဟောကြားတော်မူသည်။ ထို့နောက် ဆွမ်းအလှူရှင် ဦးထွန်းရင်ဦး-ဒေါ်စိန်ခိုင်နှင့် အလှူရှင်အမည်များကို ဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာချီးမြှင့်သည်။

ဆက်လက်၍ ဆရာတော်အမှူးပြုသော သံဃာတော်များ၊ ယောဂီညှော်ပရိသတ်များက ကျောင်းပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြသည်။ **(အပေါ်ပုံ)** (က-ပ)

မေ ၁၀ရက်က မီယာမီ သောက်ရေသန့်စက်ရုံမှ တာဝန်ရှိသူများက ဗလာစာအုပ်ဒါဇင် ၄၀၀ ကို သန်လျင်မြို့ အမက (ဂျမား) ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ဥက္ကလာပစေတီတော် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၅

၁၉၉၀ပြည့်နှစ်က စတင်တည်ထားကိုးကွယ်ခဲ့သော တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်ကြီး၏ ရွှေသင်္ကန်းတော်များသည် ၁၅နှစ်ကျော်ကြာမြင့်ပြီဖြစ်၍ ရွှေရောင်မှေးမှိန်ပျက်ပြယ်နေပြီဖြစ်သည်။ ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင်ထီးတော်မှခေါင်းလောင်းတော်အထိ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် လုပ်အားဒါနရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မဟာမုနိဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေ ကျပ်တစ်သောင်းနှင့်အထက် လှူဒါန်းထားသူများနှင့် ထပ်မံလှူဒါန်းလိုသူများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ (၆၄)

ပခုက္ကူဦးအုံးဖေ စာပေဆုရစာအုပ်များ ဖြန့်ချိရောင်းချ

ရန်ကုန် မေ ၂၅

ပခုက္ကူဦးအုံးဖေ စာပေဆုရ စာအုပ်များကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေလျက်ရှိရာ ၂၀၀၁ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု ဝတ္ထုတိုပေါင်းချုပ်ဆုရ ပုသိမ်ရန်နောင်စိုး၏ "မိုးမခပင်အောက်က မိုးသောက်ယံနှင့်ကိုတံငါဝတ္ထုတိုများ" စာအုပ်နှင့် ၂၀၀၂ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု သုတေသနစာပေဆုရ အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်)၏ "မက္ခရာသို့သုတေသနခရီးမှတ်တမ်း"စာအုပ်များကို ယနေ့ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါစာအုပ်များကို ရန်ကုန်မြို့ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ်(ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။(သတင်းစဉ်)

ရာဇဝင်နောက်ခံပြု ကျန်စစ်မင်းဇာတ်ကားသစ် လာမည့်သောကြာ၌ ရုံသုံးရုံတွင်ပြသမည်

ရန်ကုန် မေ ၂၅

ယခုသောကြာပတ်တွင် မြန်မာသမိုင်းနောက်ခံ ဇာတ်ကားသစ်တစ်ကားဖြစ်သည့် **ကျန်စစ်မင်း**အမည်ရှိ ဆေးရောင်စုံဇာတ်ကားသစ်သမ္မတ၊ သွင်နှင့် မင်္ဂလာရုပ်ရှင်ရုံများ၌ ရုံဝင်လာမည်ဖြစ်သည်။

ရိုက်ကူးထား

ကျန်စစ်မင်းဇာတ်ကားကို ဧဝရက်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဦးသိန်းလှိုင်(ဘီအေ)၏ ဇာတ်လမ်းကို မြင့်ဦးဦးမြင့်နှင့် မြမြင့်မိုရ်တို့က ဇာတ်ညွှန်းရေးကာ ဒါရိုက်တာလူမင်း ရိုက်ကူးထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် လူမင်း၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ လှိုင်ဖြူဖြူထွဏ်းနှင့် ညွှန့်ဝင်းတို့အပြင် ဇာတ်ပို့၊ ဇာတ်ရံပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားကြသည်။

ဇာတ်လမ်းမှာ ပုဂံနေပြည်တော်ကို ဗဟိုပြု၍ ပထမမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သူ အနော်ရထာဘုရင်လက်ထက် သူ့ရဲကောင်းလေးဦးဖြစ်သည့် ကျန်စစ်သား၊ ညောင်ဦးဖီး၊ ငလုံးလက်ဖယ်၊ ငထွေရူးတို့အနက် အဓိက လက်ရုံးတစ်ဆူဖြစ်သော ကျန်စစ်သား၏ ဘဝဇာတ်ကြောင်းကို ပုံဖော်ညွှန်းဖွဲ့ ရိုက်ကူးထားသော ရာဇဝင် နောက်ခံပြု ဇာတ်ကားဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် ဆက်လက်ပြသလျက်ရှိသည့် "အကယ်ဒမီပြုံးချိုကြီး" ဇာတ်ကားမှ မိုးဒီနှင့် ပပဝင်းခင်တို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

နိုင်ငံတော် တည်ငြိမ်ရေးအတွက် ကျူးကျော်သူ ရန်သူစစ်သည်များအား ဝံ့ဝံ့စားစား ချေမှုန်းခဲ့သူ ကျန်စစ်မင်း၏ ရဲစွမ်းသတ္တိတို့ကို ဖော်ညွှန်းပြသထားသကဲ့သို့ ကျန်စစ်သားနှင့် မဏိစန္ဒာ၊ ပရိမ္မအရပ်မှ အပယ်ရတနာ၊ ကြောင်ဖြူအရပ်မှ သမ္ဘူလတို့၏ နှလုံးသားချစ်မှုရေးရာများကိုလည်း ဖော်ကျူးထားသည်။

ရာဇဝင်ဇာတ်ကား

မြန်မာသမိုင်းတွင် ထင်ရှားခဲ့သော ပုဂံသူရဲကောင်းတစ်ဦး၏ အချစ်ရေးနှင့် စစ်ရေးဘဝဖြစ်စဉ်ကို သမိုင်းနောက်ခံပြု ရိုက်ကူးထားသည့် ရှားပါးသောရာဇဝင်ဇာတ်ကားတစ်ကားဖြစ်သည်။

ကျန်စစ်မင်းဇာတ်ကားကို ဒီဗွီတိပ်ဖြင့်ရိုက်ကူးပြီး ဖလင်ပေါ်သို့ ကူးပြောင်းသည့်စနစ်ကို အသုံးပြုထားသည့်အတွက် အရုပ်၊ အသံ ပြတ်သားကြည်လင်စွာ ရှုစားကြရမည်ဖြစ်သည်။ ကွန်ပျူတာ အထူးပြုလုပ်ချက်များဖြင့် နိုင်ငံတကာအဆင့်မီ ဆန်းသစ်သော အမြင်များကို တွေ့မြင်ရမည်ဖြစ်သည်။ မလေးရှား၊ စင်ကာပူ၊ ဩစတြေးလျ နိုင်ငံများတွင်ပြသခဲ့သည့် နိုင်ငံတကာသို့ ထိုးဖောက်သော အဆင့်မြင့်မြန်မာ့ရုပ်ရှင်ကားတစ်ကားဖြစ်သည်။

အကယ်ဒမီပြုံးချိုကြီး

ရဲကျော်သူရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ကိုမြတ်စိုး၊ရဲကျော်သူ စီစဉ်ထုတ်လုပ်ပြီး ဇာတ်ညွှန်းနှင့်ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရေးသားရိုက်ကူးသည့် **အကယ်ဒမီ ပြုံးချိုကြီး** ဇာတ်ကားရွှေ့ဆောင်ရုံတွင် ဆက်လက်ပြသနေသည်။

ဟာသသရုပ်ဆောင် မိုးဒီ၊ မော့စ်၊ မင်းသူ၊ ဆုပန်ထွာ၊ ပပဝင်းခင်နှင့် ကလေးသရုပ်ဆောင် ဆုမေတို့ ခေါင်းဆောင်ပါဝင်ထားသည်။

မာလိန်မှူးထူးစိန်

ထားဝယ် ဗီဒီယိုထုတ်လုပ်ရေးမှ ကိုစိုးသန်း(ထားဝယ်) စီစဉ်ပြီး လှဝင်း (A1)ကမင်းသိခ်၏ဝတ္ထုကို ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ခင်စောမျိုး ရိုက်ကူးသည့် **မာလိန်မှူးထူးစိန်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား နဝဒေးရုပ်ရှင် ဉယျာဉ်တွင် မေ ၂၇ရက်၊ သောကြာနေ့မှ စတင်ပြသမည်ဖြစ်သည်။

ယခုသောကြာပတ်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ရုံဝင်လာမည့် "ကျန်စစ်မင်း" ဆေးရောင်စုံ ဇာတ်ကားသစ်မှ လူမင်းနှင့် မေသန်းနုတို့၏ ဇာတ်ဝင်ခန်းတစ်ကွက်။

ပါဝင်

အကယ်ဒမီညွှန့်ဝင်း၊ အကယ်ဒမီကျော်သူ၊ အကယ်ဒမီ ကျော်ရဲအောင်၊ မင်းသစ္စာ၊ထွန်းလွင်အောင်တို့နှင့်အတူ သရုပ်ဆောင်များစွာ ပါဝင်ထားကြသည်။

နိုင်ငံခြားဇာတ်ကားတွင် နေပြည်တော်ရုံ၌ The Legend of Alexander ဇာတ်ကားဆက်လက်ပြသနေသည်။ **(ကြေးမုံ)**

အဖြူအမည်း ကဏ္ဍတွင် ပထမရ ဦးလှမောင်၏ ဓာတ်ပုံ။

ဓာတ်ပုံ အထူးဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပ

မန္တလေး မေ ၂၀

(၁၆)နှစ်မြောက် မန္တလေးဓာတ်ပုံအသင်း၏ အထူးဖိတ်ခေါ်ပြိုင်ပွဲ/ဓာတ်ပုံ ရွေးချယ်ပွဲကို မေ ၁၅ရက်က ရတနာပုံဈေး ဒုတိယထပ် အသင်းရုံးတွင် ကျင်းပရာ အကဲဖြတ်ဒိုင်ဦးကျော်အောင်(တွင်ခုံ)၊ ဦးချစ်ဝိန်၊ ဒေါက်တာမောင်မောင်ကြီး(ဆေးမန်း)နှင့် အကဲဖြတ်ဒိုင် ၁၀ ဦးတို့ ကဏ္ဍလေးခုခွဲ၍ ကျင်းပသည်။

ရောင်စုံရှုချင်စဖွယ် ကဏ္ဍတွင် ပထမ ဇော်(မန်းတက္ကသိုလ်)၊ ဒုတိယ ကျော်ကျော်ဝင်း(မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ တတိယ ဒုတိယဗိုလ်မှူးကြီးတင်မြင့်နှင့် နှစ်သိမ့်ဆု သုံးဆု၊ ရောင်စုံလူပုံကဏ္ဍတွင် ပထမ ကျော်သာ(ဟိုက်ချင်း)၊ ဒုတိယ ထင်အောင်(အင်းစိန်)၊ တတိယ ပန်းချီစိန်မြင့်(မိတ္ထီလာ)နှင့် နှစ်သိမ့်ဆု သုံးဆု၊ အဖြူအမည်းကဏ္ဍတွင် ပထမ ဦးလှမောင်၊ ဒုတိယ ဦးထင်အောင်(အင်းစိန်)၊ တတိယ အောင်မျိုးနှင့် နှစ်သိမ့်ဆု သုံးဆု၊ စိတ်ကြိုက် ဒီဂျစ်တယ် ဖန်တီးချက်ကဏ္ဍတွင် ပထမ ထင်အောင်(အင်းစိန်)၊ ဒုတိယ ကျော်ကျော်(ဒါးတန်း)၊ တတိယ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှု)နှင့် နှစ်သိမ့်ဆု သုံးဆု ရွေးချယ်လိုက်သည်။

(ဥက)

ကျေးရွာသောက်သုံးရေဖူလုံရေး ဆောင်ရွက်

လှည်းကူး မေ ၂၃

လှည်းကူးမြို့နယ် ဖဲမမဲကျေးရွာအုပ်စု တွင်းတစ်ရာကျေးရွာတွင် သောက်သုံးရေဖူလုံရေးအတွက် စည်ပင်သာယာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လှည်းကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ပိုင်တွင်းတူးစင်ဖြင့် နှစ်လက်မ ဒိုင်ယာမီတာ တွင်းတိမ်သုံးတွင်းကို တူးဖော်ဆောင်ရွက်ရာ မေ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့ ကြီးကြပ်ဆောင်ရွက်သည်။ **(အောက်ပုံ)**

အဆိုပါ ရေတွင်းများ ယခုအခါ ပြီးစီးသွားပြီဖြစ်၍ တွင်းတစ်ရာကျေးရွာ ပြည်သူများ နွေရာသီတွင် သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်သည်။

(မြို့နယ်စည်ပင်)

စိမ်းလန်းစိုပြည်ရေးဆောင်ရွက်

မြစ်ကြီးနား မေ ၁၆

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေ ဦးဆောင်ကြီးကြပ်မှုဖြင့် မေ ၁၁ ရက်က ပြည်ထောင်စုလမ်း လမ်းလယ်ကျွန်းပေါ်တွင် မြေခင်းအလှပြုပြင်ထားခြင်းနှင့် ရာသီပန်းစိုက်ပျိုးမှု ရှင်သန်ဖြစ်ထွန်းရေးအတွက် သန့်ရှင်းရေးဌာနစိတ်မှ ဒုတိယဦးစီးမှူး(သန့်) ဦးကျော်နန်း ဦးဆောင်သော သန့်ရှင်းရေးဌာနစိတ်မှ ဝန်ထမ်းများ ရေဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာအုပ်စုတွင် မေ ၂၀ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ကွမ်းခြံကုန်းမြို့နယ် ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရာသို့ ရန်ကုန်တိုင်း ဦးစီးဌာနမှူး ဦးတင်အောင်နှင့် ခရိုင်ဦးစီးဌာနမှူးတို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်ပြန်/ဆက်)

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ အထိမ်းအမှတ်ရုပ်တုဝင်းနှင့် ပြင်ပဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့ ကြီးကြပ်မှုဖြင့် မေ ၁၆ ရက်က ဒုတိယဦးစီးမှူး ဦးကျော်သူနှင့် ဝန်ထမ်းများ ပန်းအလှပင်စိုက်ပျိုးပြုပြင်ခြင်း၊ ရေလောင်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။

(က-ပ)

နိုင်ငံတော်ထောက်ပံ့ငွေဖြင့် စက်ရေတွင်းတူး

ဆားလင်းကြီး မေ ၂၀

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် မတ် ၉ရက်က ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်၌ နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ဆားထုံးကြီးကျေးရွာ စက်ရေတွင်းပြီးစီးမှုအား ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ စစ်ဆေးသည်။

အဆိုပါ စက်ရေတွင်းသည် နိုင်ငံတော် ထောက်ပံ့ငွေ ၇ဒသမ၅သိန်းဖြင့် နှစ်လက်မ ပေ ၂၀၀ တူးဖော်ခဲ့ပြီး တစ်နာရီလျှင် ရေဂါလန် ၁၅၀၀ ထွက်ရှိသည်။ **(နယ်စပ်စည်ပင်)**

ကတ္တရာလမ်းသစ်ဖွင့်

ပလက်ဝ မေ ၁၀

ချင်းပြည်နယ် ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ပလက်ဝ-မတူပီ(မြို့တွင်းပိုင်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူး မောင်မောင်မြင့်နှင့် အမှုဆောင်အရာရှိ ဦးငွေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(နယ်စပ်စည်ပင်)

အိုင်အိုဒင်းဆား ရောင်းချမှုစစ်ဆေး

မိုးကုတ် မေ ၁၅

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် နီလာဈေးအတွင်းရှိ ဆားရောင်းချသော ဆိုင်များအား အိုင်အိုဒင်းပါဝင်သော ဆားများရောင်းချရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်၍ မေ ၅ရက်က အိုင်အိုဒင်းပါဝင်မှု စမ်းသပ်သည့် ဆေးဘူးများဖြင့် လက်တွေ့စမ်းသပ်စစ်ဆေးခဲ့သည်။ **(နယ်စပ်စည်ပင်)**

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ပညာပေးဟောပြော

သနပ်ပင် မေ ၂၅

ပဲခူးတိုင်းသနပ်ပင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာများတွင် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် တစ်အိမ်တက်ဆင်း ဖုံး၊သွန်၊လဲ၊ စစ် လုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိရာ မေ ၂၀ရက်က စက္ကုံးပိုင်းရပ်ကွက် ရှေးဟောင်းဓမ္မာရုံကြီးတွင် သွေးလွန်တုပ်ကွေး ပညာပေးဟောပြောပွဲကို ကျင်းပသည်။

ဟောပြော

ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်အသင်းဥက္ကဋ္ဌ ဒေါ်ငွေးငွေးက အမှာစကားပြောကြားပြီး ခေတ္တမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝမ်းက ရောဂါကာကွယ်ရေး နည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဟောပြောသည်။

(ဓဲပုံ)

ထို့နောက် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များအား အခမဲ့ဝေငှပြီး တစ်အိမ်တက်ဆင်း ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများ ဆောင်ရွက်ကြသည်။ **(၁၄၅)**

ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

မော်လိုက် မေ ၁၅

ကျေးလက်နေ ပြည်သူများ အသိပညာ ဗဟုသုတ တိုးပွားရေးအတွက် မော်လိုက်မြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များ စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို မေ ၁၂ရက်က မော်လိုက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး စာကြည့်တိုက်ခန်းမတွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညိုအုန်း၊ ဝန်ထမ်းများနှင့် စာအုပ်အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညိုအုန်းက အမှာစကားပြောကြားပြီး စာအုပ်အလှူရှင်များ ကိုယ်စား မြို့နယ်ဥပဒေအရာရှိ ဦးခင်မောင်ညို(ကိုညို-ဥပဒေ)က စာအုပ်များ ကျေးရွာစာကြည့်တိုက်များသို့ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

လပွတ္တာမြို့နယ် ဖျာလိပ်ကျေးရွာ ငွေကျပ်သိန်း ၆၀ ကျော်တန် ကိုယ့်အားကိုယ်ကိုး တွဲဖက်အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ငွေကျပ် ၃၉ သိန်းကျော်တန် ကိုယ့်အားကိုယ်ကိုး သဲခင်းလမ်း ဖွင့်ပွဲကို မေ ၂၀ ရက်က ဖျာလိပ်ကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်၊ မြို့နယ်ပညာရေးမှူး ဦးကျော်ရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကိုကိုနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၃၆၄)

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

မီးသတ်သင်တန်းဆင်း

ကောလင်း မေ ၁၉

ကောလင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ ရုံးပေါင်းစုံ ဝန်ထမ်းများ အခြေခံမီးသတ်သင်တန်း (၁/၂၀၀၅) ဆင်းပွဲကို မေ ၁၆ ရက် နံနက် ၈ နာရီက ကောလင်းမြို့နယ် မီးသတ်ဦးစီးဌာန မြက်ခင်းပြင်တွင် ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးစိုးနိုင်၊ မြို့နယ်မီးသတ်ဦးစီး၊ မြို့နယ်ဦးစီးမှူး ဦးဗိုလ်လတ်နှင့် ဝန်ထမ်းများ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် သင်တန်းသား ၁၉ ဦး တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးနိုင်က အမှာစကားပြောကြားပြီး သင်တန်းသား ၁၉ဦးတို့အား သင်တန်းဆင်းလက်မှတ် ချီးမြှင့်သည်။

ထို့နောက်အခြေခံမီးသတ် သင်တန်းသားများက မီးငြိမ်းသတ်ရေး သရုပ်ပြကြသည်။ **(၂၁၄)**

မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ပညာပေးဆွေးနွေး

ပဲခူး မေ ၂၁

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်)၏ အစီအစဉ်ဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးပန်းတိုင် အထွက်နှုန်း ရရှိရေး အတွက် ပညာပေး ဆွေးနွေးပွဲကို ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ မေ ၂၀ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ပဲခူးတိုင်း တိုင်းမန်နေဂျာ ဦးဝင်းမောင်က အဖွင့်အမှာစကား ပြောကြားပြီး**(ယာပုံ)** မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း(ရုံးချုပ်)မှ ဒုတိယအထွေထွေ မန်နေဂျာ ဦးစံညွန့်၊ လက်ထောက် မန်နေဂျာ ဒေါက်တာ ထွန်းဝင်းနှင့် ဦးထင်အောင်ရှိန်တို့က မိုးစပါးတွင် ဆောင်ရွက်ရမည့် စပါးမျိုးသန့်၊ မျိုးစေ့ စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာ၊ ခေါင်နှံနှင့်ပျိုးသက်နုနု အသုံးပြုစိုက်ပျိုးခြင်းနည်းပညာ၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အကျိုးရှိစွာ ပေါင်းစပ် အသုံးပြုခြင်း၊ ပေါင်းမြက်နှင့် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ခြင်းနည်းပညာများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါပညာပေး ဆွေးနွေးပွဲသို့ ပဲခူး(အရှေ့ပိုင်း)မှ နှစ်ခရိုင်၊ မြို့နယ် ၁၄ မြို့နယ်မှ ခရိုင်မန်နေဂျာများ၊ မြို့နယ်မန်နေဂျာများ၊ ဒုတိယမြို့နယ်မန်နေဂျာများနှင့် ကွင်းဝန်ထမ်း ၁၃၅ ဦးတို့ တက်ရောက်ကြသည်။ **(၁၃၂)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ဟားခါး မေ ၁၇

ချင်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၂ရက် နံနက် ၉နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားပြခန်း၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးများက မိမိတို့မြို့နယ်များ၏ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ၂၀၀၅-၂၀၀၆ခုနှစ် လုပ်ငန်းဆောင်ရွက် လျာထားချက်များကို တင်ပြဆွေးနွေးကြရာ ခရိုင်ဦးစီးအရာရှိများက ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မြင်းခြံမြို့ ဗိုလ်ချုပ်လမ်းဘေး ဝဲ/ယာရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၁၂ရက်က မြင်းခြံမြို့နယ် စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (နယ်စပ်စည်ပင်)

ပင်လုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးအဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေကို ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန် ဧပြီ ၂၇ ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးစီးအရာရှိ ဦးသစ်ထူးမြင့်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမောင်မောင်ကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (နယ်စပ်စည်ပင်)

ကော့သောင်းမြို့ ပုလုံးတုံးတုံး သစ်သားတံတား ဘီးလျှောက်လမ်းအား ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းခြင်း ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်လင်း ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရပ်ကွက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ညောင်ရွှေ မေ ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် သာစည်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် မတ် ၁၄ရက်နံနက် ၉နာရီက သာစည်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် သာစည်စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်စိန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်နန်းဆိုင်စိန်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကိုလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲ ကျင်းပရာ ပြန်ဆက်ဦးစီးဌာနမှ လှူဒါန်းသောစာအုပ် ၅၀ကို ရပ်ကွက်ဥက္ကဋ္ဌက လက်ခံရယူသည်။

(မြို့နယ်ပြန်/ဆက်)

(၅၉)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ဖားကန့်တွင်ကျင်းပ

ဖားကန့် မေ ၁၅

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မော်ဝမ်းရပ်ကွက် စုပေါင်းရုံးခန်းမတွင် မေ ၅ ရက် နံနက် ၉ နာရီက (၅၉) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဖားကန့်မြို့နယ် မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး ဒုရဲမှူး လှဝင်းက အမှာစကား ပြောကြားပြီး မြင့်မိုရ်ပတ်ဟိန်း စက်သုံးဆီ ရောင်းဝယ်ရေးပိုင်ရှင် ဦးမောင်နိုင်-ဒေါ်ဖဲယဉ် မိသားစုက ဖားကန့်မြို့နယ် မီးသတ်တပ်ဖွဲ့သို့ ရန်ပုံငွေကျပ်တစ်သိန်းလှူဒါန်းရာ ဒုတပ်ရင်းမှူး ကျော်ဝင်းဆွေက လက်ခံရယူသည်။

ထို့နောက် ဖားကန့်၊ ဆိပ်မူ၊ လုံးခင်းရှိ မီးသတ် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေး စမ်းရည် သရုပ်ပြသမှုကို မော်ဝမ်း ကျောက်တိုင်ကွင်းတွင် ပြသကြသည်။ **(အပေါ်ပုံ)** (၅၃၈)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ဆားလင်းကြီး မေ ၁၀

ဆားလင်းကြီးမြို့နယ်ပန်းထူးကျေးရွာ အုပ်စုလုံးကျွတ် စာကြည့်တိုက်ဖွင့်ပွဲကို မေ၆ရက်ကကျင်းပသည်။ အခမ်းအနားတွင်ဓာတ်ပုံကျွမ်းကျင်(၂)ဦးအောင်သီဟက စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းသည်။ ပန်းထူးကျေးရွာတွင် ပန်းဖူးငုံစာကြည့်တိုက်၊ ကံကြီးကျေးရွာတွင် ကံ့ကော်ရွှေ စာကြည့်တိုက်၊ ဆုလာကျေးရွာတွင် ရောင်ခြည်ဦး စာကြည့်တိုက်၊ နီဝါးတန်းကျေးရွာတွင် ပွင့်သစ်စာကြည့်တိုက်၊ ရေဝင်တောကျေးရွာတွင် ကြံတိုင်းအောင် စာကြည့်တိုက်တို့ကို ဖွင့်လှစ်ပေးခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

ဧပြီ၇ရက်ကသ ရက် ချောင်းမြို့ ကျောက်မြောင်း ရပ်ကွက်နှင့် မော်ရှီကုန်း ရပ်ကွက် လမ်းဘေး ဝဲ/ယာ တစ်လျှောက်ရှိ အုတ် ခုံ တွင်း ပန်း အလှပင်များ အစားထိုး စိုက်ပျိုးခြင်းနှင့် မြက် ပင် များ ရှင်း လင်း ခြင်း လုပ် ငန်း ကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။

(နယ်စပ်စည်ပင်)

မေ၁၆ရက်က တာချီလိတ်အိမ် တွင်း မှုသက်မွေး လုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံ သင်တန်း အမှတ်စဉ် (၄၀/၂၀၀၅)နှင့် အဆင့်မြင့် သင်တန်း အမှတ်စဉ် (၁၁/၂၀၀၅) ဖွင့်ပွဲ အခမ်းအနားတွင်ချီးတဲ့ သင် တန်း သူ ခြောက်ဦး အတွက် ထောက်ပံ့ငွေကျပ်၁၀၀၀၀၀ ကို ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်ရင်မြင့်က ပေးအပ်လှူဒါန်းရာ သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစံဖူးလောင် လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၅–၅–၂၀၀၅)

ဖျာပုံ
၁၁ဒသမ ၃၄လက်မ
ကျောက်တော်
၁၁ဒသမ ၃၀လက်မ
မြောင်းမြ
၀ဒသမ ၉၁လက်မ
စစ်တွေ
၀ဒသမ ၈၃လက်မ

ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၉/၁၀) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၉/၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧကရီခန်းမဆောင်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမင်းသိမ်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက် ၁၁ရပ်ကွက်မှ စည်းရုံးရေးမှူးများနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အင်းစိန်မြို့နယ် အောင်ဆန်းမြို့ ဂျီတီစီပုံနှိပ်စက်ရုံအတွင်းရှိ ပုံနှိပ်စက်များအား ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်နေရာများ ထုတ်ပြန်

ရန်ကုန် မေ ၂၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်းရှိ ငါး/ပုစွန် သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းရန်အလို့ငှာ ငါး/ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ၂၀၀၅ခုနှစ် ဇွန် ၁ရက်မှ ဩဂုတ် ၃၁ရက်အထိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များအနေဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် ထုတ်ပြန်ကြေညာထားသည်။

ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်ထားသည့်နေရာများမှာ ရခိုင်ငါးဖမ်းကွက်၌ မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၃၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၃၀မိနစ်အတွင်း (ငါးဖမ်းကွက်အမှတ် အေ–၂၀)ရှိ ငါးလုပ်ငန်းရေပြင်၊ ဧရာဝတီငါးဖမ်းကွက်၌ မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဘီ–၁၅၊ ဘီ–၂၀) (ငါးဖမ်းကွက်အမှတ် စီ–၃နှင့် စီ–၄တွင် ကမ်းခြေမှ ၁၀မိုင် ကမ်းနီးဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်၊ မွန်နှင့် တနင်္သာရီ ငါးဖမ်းကွက်၌ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၃၀မိနစ်နှင့်အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဒီ–၂၃၊ ဒီ–၂၈တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏ အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်၊ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၀၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၀မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး–၁၁၊ အီး–၁၇)ရှိ ငါးလုပ်ငန်းရေပြင်တို့ ဖြစ်သည်။ (သတင်းစဉ်)

ပြင်ပမှအပ်နှံသည့်လုပ်ငန်းများ စံချိန်စံညွှန်းကောင်းမွန်အောင် ဆောင်ရွက် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး စက်များကြံ့ခိုင်မှု ဂရုပြု ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်စက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းလိုက်ပါလျက် ယနေ့ညနေ ၄နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုတိုလစ်သို ပုံနှိပ်စက်ရုံသို့ရောက်ရှိရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်းနှင့် တာဝန်ရှိသူများ၊ စက်ရုံမှူး ဦးလှိုင်ဝင်းခေါင်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐